မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၅၈)

■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသော လေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည်ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

ဒိုတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဦးသန်းမောင်၊

စာမျက်နှာ ၅ ကော်လံ ၁ ➤



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္ဆမာကျားနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ယနေ့ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ
စာ - ၇ သို့

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ
စာ - ၉ သို့

“လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ
စာ - ၁၅ သို့

တောင်သူဝင်ငွေ မုချသေချာ နှမ်းအထွက်တိုးနည်းပညာ
ဆောင်းပါး စာ - ၁၂ သို့

တောင်ငူမြို့ရှောင် ရထားလမ်းသစ် ဖောက်လုပ်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ်တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာက အရှည် ၄ ဒသမ ၈၉ မိုင်ရှိ မြို့ရှောင်ရထားလမ်းမြေသားတာပေါင်လုပ်ငန်း

စာမျက်နှာ ၁၁ ကော်လံ ၄ ➤

ငါးသိုင်းချောင်းမြို့တွင် ရေဝင်ရောက်ခဲ့ခြင်းကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်း ၂၂ ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိ



ငါးသိုင်းချောင်း စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် လေးမျက်နှာမြို့နယ် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့်

စာမျက်နှာ ၁၃ ကော်လံ ၅ ❖

(၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲဖွင့်ပွဲနှင့် တရုတ်(ကွမ်ရှီး)-အာဆီယံ စိုက်ပျိုးရေးနှင့်ဆင်းရဲမှုလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

တရုတ်-အာဆီယံကုန်စည်ပြပွဲ (China-ASEAN Expo)၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပလက်ဖောင်းကို အပြည့်အဝအသုံးချ၍ စိုက်ပျိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ရန်နှင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့

စာမျက်နှာ ၆ ကော်လံ ၁ ➤




အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်

အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

ယနေ့ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော မုန်တိုင်းငယ် (Deep Depression) အဖြစ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့၏ အနောက် - အနောက်တောင်ဘက်

စာမျက်နှာ ၁၀ ကော်လံ ၃ ●



မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၂-၉-၂၀၂၆

ဟိုင်းကြီးကျွန်း
၂ ဒသမ ၈၃ လက်မ

နွားထိုးကြီး
၂ ဒသမ ၇၆ လက်မ

မုံရွာ
၂ ဒသမ ၆၈လက်မ

သန်လျင်
၂ ဒသမ ၄၀ လက်မ

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးကဏ္ဍတစ်ရပ်ဖြစ်သည်။ လယ်ယာကဏ္ဍသည် စားနပ်ရိက္ခာထုတ်လုပ်ပေးသည့်ကဏ္ဍတစ်ခုသာမက စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းများကို ပံ့ပိုးပေးနိုင်သည့်ကဏ္ဍလည်းဖြစ်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးထုတ်လုပ်မှုပမာဏတိုးမြှင့်ရေးအဖြစ်သာမမြင်သင့်ပေ။ ထုတ်လုပ်မှုမှကုန်ကြမ်း၊ ကုန်ကြမ်းကိုပြုပြင်ထုတ်လုပ်မှုမှ တန်ဖိုးမြှင့်ထုတ်ကုန်၊ ထိုမှတစ်ဆင့် စက်မှုလုပ်ငန်း၊ ပြည်တွင်းစားသုံးမှု၊ ပြည်ပပို့ကုန် စသည့်တန်ဖိုးကွင်းဆက်တစ်ခုလုံးကို တစ်ဆက်တည်းစဉ်းစားပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်မှသာ တောင်သူများ၏ဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်၊ ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းလာမည်၊ ပို့ကုန်တိုးတက်လာမည်၊ နောက်ဆုံးတွင် နိုင်ငံ့ထုတ်ကုန်နှင့် နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တည်နေရာသဘာဝနှင့် ပထဝီအနေအထားအရ ရရှိထားသည့်အားသာချက်များကို ထိရောက်စွာအသုံးချပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအပြင် အရည်အသွေးမြင့် လယ်ယာထွက်ကုန်များထုတ်လုပ်ကာ ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်များကို ထိုးဖောက်နိုင်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးသည်မှာ သဘာဝအားသာချက်ရှိခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးလာမည်မဟုတ်ဘဲ အဆိုပါအားသာချက်ကို ကုန်ထုတ်စွမ်းအား၊ အရည်အသွေး၊ နည်းပညာ၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအဖြစ်ပြောင်းလဲနိုင်မှသာ နိုင်ငံ့စီးပွားရေးအတွက် အကျိုးရှိမည်ဖြစ်သည်။ လယ်ယာကဏ္ဍကို သမားရိုးကျထုတ်လုပ်မှုစနစ်မှ ခေတ်မီ၊ ထိရောက်ပြီး ရေရှည်တည်တံ့သည့် ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းရန်လိုအပ်သည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိလာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေတိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံ့စီးပွားရေးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် အရေးကြီးသည့်ပထမခြေလှမ်းလည်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၁ ရက်ကကျင်းပသည့် **"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားဦး အမှာစကားပြောကြားစဉ် **"ယခုအလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်သည် အခြေအနေများကို ဆန်းစစ်လေ့လာသုံးသပ်သည့် ဆွေးနွေးပွဲဖြင့်ပင် ရပ်တန့်သွားမည်မဟုတ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်မူဝါဒနှင့် လုပ်ငန်းစီမံချက်များ ထွက်ပေါ်လာရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ဆွေးနွေးမှုတွင် – ဘာတွေဖြစ်နေသလဲဆိုသည်ထက် ဘာတွေကိုဦးစားပေးလုပ်မလဲ၊ ဘယ်လိုလုပ်မလဲ၊ ဘယ်သူတွေကဦးဆောင်မလဲ၊ ဘယ်အချိန်အတွင်း ပြီးစီးအောင်လုပ်မလဲ၊ ဘယ်လိုအရင်းအမြစ်များဖြင့် ဆောင်ရွက်မလဲ ဆိုသည်များကို ပိုမိုအလေးထားဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။ လယ်ယာကဏ္ဍဟူသည်မှာ စိုက်ပျိုးရေးတစ်ခုတည်းမဟုတ်ဘဲ မွေးမြူရေးကဏ္ဍနှင့်လည်း ပေါင်းစပ်စဉ်းစားရမည်ဖြစ်သည်။ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် အခြားမွေးမြူရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုစနစ်၊ အစာစနစ်၊ မွေးမြူရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို တိုးတက်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်း၌ပဒေပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

သဇင် (FM) အသံလွှင့် အစီအစဉ်
၂၃-၉ -၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၃၀ ကိုယ်ခန္ဓာနှင့် ကျန်းမာရေး
၄။ ၁၄:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၅။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၆။ ၁၅:၃၀ Happy Zone
၇။ ၁၆:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၅၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ကိုးသောင်းကျော်တင်ပို့နိုင်



ရန်ကုန် စက်တင်ဘာ ၂၂

ပြည်တွင်းမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ကိုးသောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက် အရ သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ သြဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ငါးမက်ထရစ်တန် ၉၁၁၀၀ ဒသမ ၄၇၅ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၅၁၄ သန်း ရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ သြဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၅၆၃၁၈ ဒသမ ၆၉၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၂၇၁ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၃၄၇၈၁ ဒသမ ၇၇၈ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၂၄၃ သန်းရရှိသည့် အတွက် စုစုပေါင်းငါးမက်ထရစ်တန် ၉၁၁၀၀ ဒသမ ၄၇၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၅၁၄ သန်းရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါး စသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှ တစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။ **စောယု**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

ကျွန်းစု စက်တင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစု မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၆)ကို စက်တင်ဘာလ ၂၁ ရက်က ဖွင့်လှစ်သည်။

ရေးဦးစွာ မြို့တော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အဖွင့်အမှာစကား ပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုက သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စုတို့မှ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ အုပ်ချုပ်ရေးလုပ်ငန်းကိစ္စရပ်များ၊ ရုံးလုပ်ငန်းသုံးဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများကို နားလည်သဘောပေါက်စေရန် ယစ်မျိုးဥပဒေ၊ လောင်းကစားဥပဒေ၊ ဒေသန္တရအုပ်ချုပ်ရေး စသည့် အကြောင်းအရာများ အပါအဝင် အုပ်ချုပ်ရေး၏သဘောသဘာဝများကို တာဝန်ရှိသူများက ဆွေးနွေးပို့ချလျက်ရှိကြောင်း သိရသည်။

ရန်ကင်း

သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှုန် မြှင့်တင်ရေး အသိပညာပေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေးလှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာလ ၂၁ ရက်က အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေးလှုပ်ရှားမှု အဖြစ် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများနှင့် ဂိမ်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်လံကြည့်ရှုကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး စာပေဟောပြောမည့် စာရေးဆရာမြချစ် (ရွှေတောင်) အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ယင်းနောက် မြို့နယ်ပညာရေးမှူး ဒေါ်နန်းနုနုကြည်က စာဖတ်ရှုန်မြှင့်တင်ရေး အခမ်းအနား ကျင်းပနိုင်မှုအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ဉာဏ်ပြိုင်ပွဲများတွင် ဆုရရှိသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးထွန်းဦး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းနုနုကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။



ဆက်လက်၍ လူငယ်စကားဝိုင်းနှင့် စာပေဟောပြောပွဲကို ကျင်းပပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များနှင့် ဉာဏ်ရည်မြင့်မားစေရေးပြိုင်ပွဲများကို တက်ရောက်လာကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။**သဲထက်ဇင်(ပြန်/ဆက်)**

တရုတ်-မြန်မာခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆွေးနွေးပွဲနှင့် ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးမိတ်ဆက်

ရန်ကုန် စက်တင်ဘာ ၂၂

တရုတ်-မြန်မာခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆွေးနွေးပွဲနှင့် ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးမိတ်ဆက်ပွဲကို စက်တင်ဘာလ ၂၂ ရက်တွင် ရန်ကုန်-တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ သံမှူး Mr. Li Qiangguo၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်နှင့် ရန်ကုန်-တရုတ်ယဉ်ကျေးမှုစင်တာ တာဝန်ခံတို့က အဖွင့်အမှာစကား အသီးသီးပြောကြားသည်။

ထို့နောက် တရုတ်-မြန်မာခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ (တရုတ်) ယူနန်ကုန်သည်ကြီးများအသင်း၊ ကူမင်းမြို့ရှိ ခရီးသွားလုပ်ငန်းများ၊ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ကုန်စည်ပြပွဲ၊ အခမ်းအနားနှင့် ဆွေးနွေးပွဲလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းနှင့် မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားမြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူတို့က ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအချက်အလက်များကိုလည်း မိတ်ဆက်ပေးခဲ့သည်။

ထို့ပြင် ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကိုယ်စားလှယ်အဖွဲ့က ယူနန်ပြည်နယ်၏ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ဒေသတွင်း အထင်ကရနေရာများကိုမိတ်ဆက်ပေးပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာအကြောင်းအရာများကို ပြန်လည်မိတ်ဆက်ပေးသည်။

အဆိုပါအခမ်းအနားကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့ကြား ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်စေရန်နှင့် နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်းဆိုင်ရာအပြန်အလှန်ဖလှယ်မှုများ မြှင့်တင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ဇင်အောင်



ရ တ နာ ပုံ ဝတ္ထု

ရွှေဥဒေါင်း

“ခင်စိန်ကြည်မှာ အမိဖြစ်သော်လည်း အမိကဲ့သို့ သားမမာသည်ကို မကြည့်မရှုရလေခြင်းဟု တွေးတောအောက်မေ့ကာ ဝမ်းနည်းခြင်းမက ဝမ်းနည်းပြီး မျက်ရည်စက်လက်နှင့် သား၏အနားမှ ဘယ်ကိုမျှမသွားဘဲ နေရစ်ရှာလေ၏။

ညနေ ၅ နာရီခွဲခန့်ရှိလျှင် မောင်ထွန်းမြတ်လည်း ရုံးမှပြန်လာ၍ အဝတ်မလဲသေးဘဲ ခင်မောင်ကြီး၏အခန်းအတွင်းသို့ ဝင်လာလျှင် . . .”

ယမန်နေ့မှအဆက်

“မဟုတ်ပါဘူး ဆရာမရဲ့၊ ဒီမှာတုန်းကတောင် တယ်ပြီးမချစ်လို့ ပစ်သွားပြီဥစ္စာ၊ နတ်ပြည်ရောက်တော့ သူကမွေးတဲ့ နတ်ကလေးတွေ သူချစ်မှာပေါ့၊ ကျွန်တော် တို့ကို ဘယ်သတိရမလဲ”

“နတ်ဆိုတာ မွေးရတာမဟုတ်ပါဘူး လူကလေးရဲ့၊ သူ့ဘာသာ တစ်ခါတည်း သွားပြီးဖြစ်တာ”

“ဟုတ်လား၊ ဒါဖြင့်ကောင်းတယ်၊ ကျွန်တော်သွားချင်လှပြီ၊ ဟိုကျတော့ ဆရာမတို့ဖို့ ကျွန်တော် နတ်ဩလာပြီးပေးမယ်နော်...၊ နတ်ဩဆိုတာ အင်မတန်ကောင်းတယ်တဲ့ ဟုတ်လား ဆရာမ”ဟု မေးပြန်လေ၏။ ထိုအခါ ခင်စိန်ကြည်သည် ပြန်၍မပြောနိုင်ဘဲ မျက်ရည်သုတ်လျက်နေသည်ကိုမြင်လေလျှင်... “ဆရာမက ဘာဖြစ်လို့ငိုသလဲ ဆရာမရဲ့ ကျွန်တော်နဲ့ မခွဲချင်ဘူးလား၊ ကျွန်တော်ကသွားနှင့်မယ်၊ ဆရာမတို့က နောက်တော့လိုက်ခဲ့ကြမယ် မဟုတ်လား၊ ကျွန်တော်တော့ သေမှာမကြောက်ပေါင် ဒီမှာနေရတာ မာလည်းမမာဘူး၊ ဟိုကျတော့ ကျွန်တော် ကောင်းကောင်းမာမှာပေါ့၊ ဖေဖေကပြောတယ် ဆရာမရဲ့ သူများအသက်သတ်ရင် အသက်တိုတယ်တဲ့၊ ကျွန်တော် ဟိုဘဝတုန်းက သူများအသက်သတ်ခဲ့လို့ပေါ့နော် ဆရာမ၊ ဒီဘဝတော့ ကျွန်တော် ဘာကောင်မှမသတ်ပါဘူး၊ ဖေဖေကပြောထားလို့ ပုရွက်ဆိတ်ကိုက်တာတောင် ကျွန်တော်မသတ်ဘူး၊ နောင်ဘဝကျတော့ ကျွန်တော် အသက်ရှည်ကြီးနေရမှာပေါ့နော် ဆရာမ၊ ဆရာမတို့၊ ဖေဖေတို့က ကျွန်တော့် နောက်မှလာတော့ ကျွန်တော်ကနတ်ကြီး ဆရာမတို့က နတ်ကလေးတွေ ဖြစ်မှာပေါ့နော်”

“ဆရာမလည်း ကြာကြာမနေရပါဘူး ကလေးရယ်၊ ကလေးရှိရာ လိုက်ခဲ့မှာပေါ့”

“ဟုတ်လား ဒါဖြင့် ပိုကောင်းတာပေါ့၊ ဆရာမသားလေးတွေလည်း သွားကြပြီဆို ကျွန်တော်တွေ့ရင် ပြောလိုက်မယ်နော်” ဟု ပြောလေ၏။ ခင်စိန်ကြည်မှာ မျက်ရည်ရွဲလျက်ရှိသော မျက်နှာဖြင့် ကြည့်နေလျှင်...

“ဒါနဲ့ ဆရာမ မေမွေးမြင်ဖူးတယ်ဆို ဘယ်လိုနေလဲ ပြောစမ်းပါ၊ ကျွန်တော်က ကောင်းကောင်းမမှတ်မိလို့ ဘယ်သူနဲ့တူသလဲ”

“လူကလေးနဲ့ နည်းနည်းတူတယ်၊ မမကြီးနဲ့ပိုတူတယ်”

“သူကလှသလား”

“လှတယ်”

“အမယ် ဆရာမ ကျွန်တော့်ကိုကိုင်ထားပါ၊ လက်ပေးစမ်းပါ၊ လက်ပေးစမ်းပါ၊ ကျွန်တော်ကျတော့မယ်” ဟု ပြောပြီး ဆရာမလက်ကိုဖက်လျက် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက်ရှိနေလျှင် “ဘာဖြစ်သလဲ လူကလေး ဘာဖြစ်သလဲ၊ ဆရာမ ရှိတယ်လေ မကျပါဘူး၊ ဆရာမဖက်ထားပါတယ်”ဟု ပြော၍ နဖူးမှ ဆီးကင်းခန့်မျှ ရှိသော ချွေးပေါက်တို့ကို သုတ်ပေးပြီးလျှင် မိနှစ်နှင့်မစောတို့ကို ခေါ်လိုက်ရာ မိနှစ်လည်း ခုတင်ခြေရင်းတွင်ရပ်လျက် မစောလည်း ခုတင်၏ တခြားဘက်၌ ဒူးထောက်လျက်နေကြလျှင် ခင်မောင်ကြီးသည် အိပ်ပျော်၍သွားလေ၏။ မစောနှင့် ခင်စိန်ကြည်တို့လည်း ကလေး၏မျက်နှာကိုကြည့်လျက် အသက်ရှူသံကို နားစိုက်နေကြလျှင် မိနှစ်က ခင်စိန်ကြည်အနီးသို့ လာ၍-

“ကျွန်မဖြင့် ဒီကနေ့ ကိစ္စတုံးလိမ့်မယ် ထင်တယ်”

“မဟုတ်နိုင်ပါဘူးအေ၊ ဆရာဝန်ကြီးကတောင် နံနက်ကပြောသွားသေးတာပဲ၊ ၄၊ ၅၊ ၁၀ ရက်လောက်တော့ ခံဦးမယ် ပြောသွားတာပဲ”

“အလကားပြောတာ ဆရာမရဲ့၊ နံနက်ကရုပ်နဲ့ အခုရုပ်နဲ့ တူသေးသလား ကြည့်ပါဦး၊ နားရွက်တွေတောင် လန်ကုန်ပြီ၊ ကျွန်မဖြင့် နေ့ကူးမယ်မထင်ပါဘူး” ဟု မိနှစ်ကပြောပြီး ထွက်သွားလေ၏။ ခင်စိန်ကြည်မှာ အမိဖြစ်သော်လည်း အမိကဲ့သို့ သားမမာသည်ကို မကြည့်မရှုရလေခြင်းဟု တွေးတောအောက်မေ့ကာ ဝမ်းနည်းခြင်းမက ဝမ်းနည်းပြီး မျက်ရည်စက်လက်နှင့် သား၏အနားမှ ဘယ်ကိုမျှမသွားဘဲ နေရစ်ရှာလေ၏။

ညနေ ၅ နာရီခွဲခန့်ရှိလျှင် မောင်ထွန်းမြတ်လည်း ရုံးမှပြန်လာ၍ အဝတ်မလဲသေးဘဲ ခင်မောင်ကြီး၏အခန်းအတွင်းသို့ ဝင်လာလျှင် ခင်မောင်ကြီးသည် ဖခင်၏ အသံကို ကြားသဖြင့် မျက်စိကိုဖွင့်ကြည့်၍ “ဖေဖေ”ဟု ခေါ်လိုက်လေ၏။ မောင်ထွန်းမြတ်က “ဗျား လူကလေး ဘယ်နယ်နေသလဲ” ဟု မေး၍ သား၏နဖူး၊လက်တို့ကို စမ်းသပ်ပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍ ခင်စိန်ကြည်အား မိမိ၏ ကလေးကို စောင့်ရှောက်သည့်အတွက် ကျေးဇူးတင်စကားပြောလျက်ရှိစဉ်-

“ဖေဖေ ကျွန်တော်နတ်ပြည်သွားတော့မယ်၊ နတ်ပြည်ရောက်တော့ ကျွန်တော် မေမေနဲ့တွေ့မှာပေါ့နော်ဖေဖေရယ်၊ မေမေ နတ်ပြည်မှာရှိတယ်မဟုတ်လား၊ ဖေဖေရဲ့”

“ရှိမှာပေါ့ သားရယ်”

“ဆရာမကပြောတယ် ဖေဖေရဲ့၊ မေမေလည်း နတ်ပြည်ရောက်မှာပဲတဲ့၊ ကျွန်တော် တို့ကိုလည်း အဝေးကနေပြီး အပုံကြီးချစ်တယ်တဲ့၊ ဆရာမက မေမေနဲ့ တွေ့ဖူးတယ် ဖေဖေရဲ့သိလား” ဟု ပြောလေ၏။ ထိုအခါ ခင်စိန်ကြည်သည် အလွန်တရာ တုန်လှုပ်လျက်ရှိနေစဉ်... မောင်ထွန်းမြတ်သည် ဆရာမရှိရာသို့ လှည့်၍ ကြည့်လိုက်လေလျှင် ခင်စိန်ကြည်မှာ ထ၍သွားလိုသော်လည်း မသွားနိုင်သဖြင့် မျက်နှာပျက်လျက်ရှိနေလေ၏။ ထို့နောက် ခင်မောင်ကြီးက “မေမေကလေ ဖေဖေတို့၊ ကျွန်တော် တို့ကို အင်မတန်လွမ်းရှာသတဲ့ ဖေဖေရဲ့ ကျွန်တော်တို့လွမ်းတာနဲ့ ရင်ကွဲနာနဲ့ သေရှာသတဲ့”ဟု ပြောပြန်လျှင် မောင်ထွန်းမြတ်သည် ဆရာမဘက်သို့ လှည့်ပြီး “ဟုတ်လား ဆရာမ၊ ဆရာမနဲ့ တွေ့ဖူးသလား” ဟု မေးလေ၏။ ထိုအခါ ခင်စိန်ကြည်သည် ရိပ်မိမည်စိုး၍-

“ကလေးက မေးလွန်းလို့ စိတ်ကျေနပ်အောင် ကျွန်မက ကြံဖန်ပြောလိုက်ပါတယ်၊ မတွေ့ဖူးပါဘူး”ဟု လိမ်လည်၍ ပြောရလေ၏။ မောင်ထွန်းမြတ်လည်း ထိုင်ရာမှထ၍ ခင်စိန်ကြည်အနီးသို့ သွားပြီးလျှင် “ကလေးက ဒီကနေ့ အခါတိုင်းထက် မျက်နှာနည်းနည်းမကျဘူးလား ဆရာမ” ဟု တီးတိုးမေးရာ...။

“ဟုတ်တယ်ရှင်၊ ကျွန်မဖြင့် နေ့ကူးအောင်ခံပါ့မလား မပြောတတ်ဘူး” ဟု မျက်နှာကိုအောက်ချကာ ပြောလျှင် မောင်ထွန်းမြတ်လည်း ပြတင်းပေါက်တွင် မေးထောက်လျက် “တယ်နှမြောဖို့ကောင်းတာပဲနော်” ဟု တုန်ယင်သော အသံဖြင့်ပြောကာ စဉ်းစားနေသည့် အတွင်းတွင် အစေခံတစ်ယောက်သည် အခန်းတွင်းသို့ဝင်လာ၍ ထမင်းပြင်ပြီးကြောင်းကို မောင်ထွန်းမြတ်အား ပြောလေလျှင် မောင်ထွန်းမြတ်သည် ထမင်းမစားလို ဟု ငင်းအား လက်ပြလိုက်လေ၏။ ယင်းနောက် အနည်းငယ်မှောင်လာပြီဖြစ်၍ ဖယောင်းတိုင်တစ်တိုင်ကို ထွန်းပြီးလျှင် ခင်မောင်ကြီး၏မျက်နှာကို မောင်ထွန်းမြတ်သည် စေ့စေ့ကြည့်ပြန်ရာ ခင်မောင်ကြီးသည် အိပ်ရာပေါ်တွင် စောင်းလျက် မျက်စိကိုမှိတ်၍ အိပ်နေရာမှ မီးရောင်လင်းသဖြင့် မျက်စိကို ဖွင့်ကြည့်ပြီးလျှင်

“မလုပ်ပါနဲ့ ဖေဖေရယ်၊ ကျွန်တော်က မှောင်မှ ကြိုက်တယ်၊ မီးတိုင်ကြီးယူသွားပါ”ဟု ပြောလေရာ “ခဏလေးပါသားရယ်၊ သားမျက်နှာ ဖေဖေကြည့်စမ်းပါရစေဦး” ဟုပြောပြီး ကြည့်ပြန်လေလျှင် ရောဂါထနေသော ခင်မောင်ကြီးမှာ အချိန်နီးရှာပြီဖြစ်၍ နားရွက်လန်ခြင်း၊ အသက်ရှူပြင်းခြင်း စသောချို့ယွင်းခြင်းတို့ကို တွေ့မြင်ရလေ၏။

ထိုအခါ မောင်ထွန်းမြတ်သည် မီးတိုင်ကိုပြန်ထား၍ လက်ပိုက်လျက် စဉ်းစားနေစဉ် ခင်မောင်ကလေးနှင့် မမကြီးတို့သည် မျက်မိုးပုံအိမ်သို့ သွား၍လည်ရာမှ ပြန်လာကြပြီး အခန်းတွင်းသို့ ဝင်လာကြလေလျှင် ခင်မောင်ကြီးသည် ၎င်းတို့၏ အသံကိုကြား၍ “မမရေ ငါသွားတော့မယ်ဟေ့...၊ ခင်မောင်ကလေးငါညီ ကိုကို သွားတော့မယ်နော်၊ မေမွေဆီကို ကိုကို သွားတော့မယ်၊ ကဲ...ကိုကို့နမ်းလိုက်၊ အဲ...မမကော၊ အဲ...မေမွေကို ငါပြောလိုက်မယ်နော် မမ၊ မင်းတို့လည်း နောက်တော့လာခဲ့ကြနော်”ဟု ပြောလျှင် မမကြီးသည် ရှိုက်ကြီးတငင်နှင့် ငိုနေလေ၏။

ဆက်လက်ဖော်ပြပါမည်။

စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ဝေါ စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၂၁ ရက်က အခြေခံပညာအလယ်တန်းကျောင်း (ကျူကြ်လှ) ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း(ကျူကြ်လှ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မွန်ရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာဝင်းက ဗဟလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန်နှင့် စာအုပ်စာပေများကို ပိုမိုဖတ်ရှု လေ့လာကြစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အခြေခံပညာအလယ်တန်းကျောင်း(ကျူကြ်လှ) Grade-7၊ Grade-8 နှင့် Grade-9 တို့မှ ကျောင်းသား၊ ကျောင်းသူငါးဦးက အောင်မြင်မှုဆိုတာဘာလဲ၊ လူငယ်များနှင့် ဖုန်းအသုံးပြုမှု၊ နည်းပညာနှင့်လူငယ်၊ အချိန်၏တန်ဖိုးနှင့် မြန်မာတွေမည့်ပါဘူး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး အပြန်အလှန် ဗဟုသုတဖလှယ်နိုင်သည့် စင်မြင့်တစ်ခုအဖြစ် ဖန်တီးပုံဖော်ခဲ့ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များနှင့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အာကာ (ပြန်/ဆက်)

တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးဆွေးနွေး

သဲကုန်း စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေးပွဲကို စက်တင်ဘာလ ၂၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားရေး ကြိုးကြပ်၍ ကြိုးစားလေ့ကျင့်သင်ကြားပေးကြရန် ၂၀၂၇ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားရေးနှင့် ရာနှုန်းပြည့်အောင်မြင်စေရေး အထူးအလေးထားကြိုးစားဆောင်ရွက်ကြရန် ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် သက်ဆိုင်ရာဘာသာရပ်သင်ဆရာ၊ ဆရာမများက လိုအပ်ချက်များကို ပြန်လည်ရှင်းလင်းတင်ပြကြောင်း သိရသည်။ **ကိုကျော်(သဲကုန်း)**







ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲခံပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

➤ **ရှေ့ဖုံးမှအဆက်**

တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျား၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် မြန်မာ-တရုတ်ချစ်ကြည်ရေးအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနား ကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်နေသည့် အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံများဖြစ်ကြကြောင်း၊ ခေတ်အဆက်ဆက်တွင်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်အညီ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် စစ်မှန်သည့် အိမ်နီးချင်းကောင်းဝိသမ္မတို့ကို အခြေခံပြီး နီးကပ်သည့်ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုကို ပိုမိုတိုးတက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံအကြား "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး လိုအပ်ချိန်တိုင်းတွင် အပြန်အလှန် ကူညီပံ့ပိုးရပ်တည်ပေးနေသည့် နိုင်ငံများလည်းဖြစ်ကြကြောင်း။

ထို့ပြင် ကဏ္ဍအသီးသီးတွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး အပြန်အလှန် နားလည်မှုကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား မဟာဗျူဟာကျသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက် တွင်ရှိသည့်တရုတ်-မြန်မာစီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ခဲ့ကြောင်း၊ လာမည့် ကာလများတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု သာမက ယဉ်ကျေးမှုနှင့် ပညာရေး အစရှိသည့် ပြည်သူအချင်းချင်းချိတ် ဆက်မှုများကိုလည်း ပိုမိုတိုးမြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်း လိုကြောင်း။

တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဆက်လက်ပံ့ပိုးကူညီပေးနေမှုများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာစင်မြင့်များတွင် အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင်မြန်မာနိုင်ငံဘက်မှ အပြုသဘော ထောက်ခံကူညီပေးနေမှုများအတွက်လည်း များစွာ တန်ဖိုးထားပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်းနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ထာဝရတည်တံ့ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ကိတ်မုန့်ကိုလှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်သည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အနုပညာအဖွဲ့နှင့် သံရုံးမှဝန်ထမ်းများက ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။ **မြဝတီ**

ရုရှားဗဟိုဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့



နေပြည်တော် စက်တင်ဘာ ၂၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉)ကြိမ်မြောက်ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်အထိ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

လေ့လာရေးခရီးစဉ်အတွင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Pavel Andreev နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်သတင်းအချက်အလက်စင်တာသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆောင်ရွက်ပုံနည်းလမ်းများကိုလေ့လာခြင်း၊ ပြည်သူ့ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဌာနချုပ် (Public Election Observation Head Quarters) သို့ သွားရောက်လေ့လာခြင်းနှင့် စက်တင်ဘာလ ၁၈ရက်နှင့် ၁၉ ရက်တို့တွင် "Elections in Times of Turbulence" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၈ ရက်မှ ၂၀ ရက်အတွင်း မော်စကိုမြို့ Central Administrative Okrug၊ Tagansky District ရှိ မဲရုံအမှတ် ၁၈၂၊ Southern Administrative Okrug၊ Donskoy District ရှိ မဲရုံအမှတ် ၁၇၇၂ နှင့် ၁၇၇၉ ၊ Moscow Oblast၊ Klinsky District ရှိ မဲရုံအမှတ် ၈၈၂၊ ၈၈၃ နှင့် ၈၈၄ တို့သို့ သွားရောက်လေ့လာခဲ့ပြီး မဲလက်မှတ် အသုံးပြုမဲပေးနေမှု၊ E-Voting စနစ်ဖြင့် မဲပေးနေမှုတို့ကို လေ့လာကြည့်ရှု၍ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်း စစ်ဆေးသည့်အဆင့်မှသည် မဲပုံးအတွင်းသို့ မဲစာရွက်ထည့်သည့် အဆင့်ထိ အသေးစိတ်လေ့လာကာ မဲရုံဆောင်ရွက်နေမှုအခြေအနေများအား CCTVဖြင့် စောင့်ကြည့်လေ့လာနေမှုတို့ကိုလည်း လေ့လာကြည့်ရှုခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၉) ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲတွင် မဲရုံပေါင်း ၉၁၀၀၀ ကျော်၊ မဲဆန္ဒရှင်စုစုပေါင်း ၁၁၁ သန်း ကျော်ရှိပြီး တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီ ၁၁ ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၂၀၄၆ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

စက်တင်ဘာလ ၂၁ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ကျင်းပသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်နှင့်အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ချက်ပြုပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများအဖြစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခဲ့ရာတွင် မဲရုံများနှင့် မဲပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများသည် စနစ်ကျနမှုရှိပြီး မဲဆန္ဒရှင်များအနေဖြင့် မည်သည့်နေ့ာင့်ယှက်ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှုမျှမရှိဘဲ မိမိတို့၏မဲပေးပိုင်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံးနိုင်သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ မဲရုံတာဝန်ရှိသူများအနေဖြင့် မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေ့စပ်တိကျစွာ ဆောင်ရွက်နေသည်ကိုတွေ့ရှိရပါကြောင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်တစ်လျှောက် ပွင့်လင်းမြင်သာမှုရှိပြီး E-Voting စနစ်များ၊ Portable Electronic Voting Machine များကိုလည်း အသုံးပြုထားသည့်အတွက် မဲဆန္ဒရှင်များအနေဖြင့် ပိုမိုလွယ်ကူချောမွေ့စွာ မဲပေးနိုင်သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ ကျန်းမာရေးမကောင်းသူများနှင့် မသန်စွမ်းသူများအတွက် နေအိမ်မှ မဲပေးခြင်း (Home Voting) စနစ်ဆောင်ရွက်ပေးထားရာ မဲဆန္ဒရှင်များအတွက် အဆင်ပြေစေပြီး မဲပေးမှုရာခိုင်နှုန်း ပိုမိုတိုးတက်စေသည့်စနစ်တစ်ခုအဖြစ် လေ့လာခဲ့ရပါကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသကဲ့သို့ နိုင်ငံရေးပါတီကိုယ်စားလှယ်များသည်လည်း ၎င်းတို့၏တာဝန်များကို စနစ်တကျဆောင်ရွက်နေသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ဒူးမားလွှတ်တော်ရွေးကောက်ပွဲသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အေးချမ်းစွာကျင်းပနိုင်ခဲ့ပြီး လွတ်လပ်မျှတကာ ပွင့်လင်းမြင်သာမှုအပြည့်ရှိသည်ကိုတွေ့ရှိရပါကြောင်း ပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင်လွတ်လပ်သောခေနသဟာယနိုင်ငံများအဖွဲ့ (CIS)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)တို့မှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံအပါအဝင် ဗင်နီဇွဲလား၊ မာလီ၊ ဘာရိန်း၊ အာဘခါဇီးယား၊ တာဂျစ်ကစ္စတန်၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ ကာဂျစ္စတန်၊ မော်လဒိုက်၊ သီရိလင်္ကာ၊ ဗဟို အာဖရိကသမ္မတနိုင်ငံ (CAR)၊ အီကွေဒေါ်၊ တွန်ဂါ၊ တောင်ဆူဒန်၊ ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) နှင့် မာဒါဂတ်စကာနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ ၊ အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဗဟိုအာဖရိကစီးပွားရေးနှင့်ငွေကြေးအသိုက်အဝန်း လူငယ်များသမဂ္ဂ (UJ-CEMAC) တို့မှ ကိုယ်စားလှယ်အဖွဲ့များက မှတ်ချက်ပြုပြောကြားခဲ့သည်။

လေ့လာရေးခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုလေ့ထုံးစံများ၊ ရိုးရာအကအလှများကိုလည်း လေ့လာခွင့်ရရှိခဲ့ပြီး အထင်ကရနေရာများသို့လည်း လှည့်လည်ကြည့်ရှုခွင့်ရရှိခဲ့သည်။ (၉)ကြိမ်မြောက် ဒူးမားလွှတ်တော်ရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ခုမှ ရွေးကောက်ပွဲလေ့လာသူ ၁၁၂၆ ဦး၊ နိုင်ငံပေါင်း ၅၃ နိုင်ငံမှ နိုင်ငံတကာသံတမန် ၂၈ ဦးလာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကျိုးရှိမည့်လုပ်ငန်းများကို ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၂၂

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၈ ရက်တွင် JSC Krutogorye–Petkovichi စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ နို့စားနွားခြံနှင့် အစာသိမ်းဆည်း သိုလှောင်မှုစနစ်နှင့် အစာကျွေးမှုစနစ်ကိုလည်းကောင်း၊ Mira OJSC "Mashpishcheprod" Mirabel–by လုပ်ငန်းစု၏ အာလူးစိုက်ပျိုးမှုနှင့် ထုတ်ကုန်များထုတ်လုပ်မှုကို လည်းကောင်း လေ့လာခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ Minsk International Exhibition Center (BELEXPO) တွင် ကျင်းပသည့် (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဗီသုကာနှင့် ဆောက်လုပ်ရေးပြပွဲ "BUDEXPO–2026 "သို့ တက်ရောက်လေ့လာခဲ့ကြပြီး ဘယ်လာရုစ်နိုင်ငံ၏ ပုဂ္ဂလိကစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန် အခြေခံကုန်ထုတ်လုပ်ငန်းများ၊ ဗီသုကာလက်ရာမြောက် အဆောက်အအုံများနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်များ၊ မြေယာရှုခင်းများကို လေ့လာခဲ့ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကျိုးရှိမည့်လုပ်ငန်းများကို ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၁ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

➡ ရှေ့ဖုံးမှအဆက်

အစိုးရက (China (Guangxi)–ASEAN Agricultural and Poverty Reduction Cooperation Conference) တရုတ်(ကွမ်ရှီး)–အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်ကို စက်တင်ဘာလ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်ဇူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ခေတ်မီနည်းပညာသုံးစိုက်ပျိုးရေး (Smart Agriculture)၊ ဒီဂျစ်တယ်စီးပွားရေး (Digital Economy) နှင့် ဆင်းရဲမွဲလျော့ချရေး (Poverty Alleviation) စသည့် ကဏ္ဍများကို အဓိကထားဆွေးနွေးခဲ့ပြီး အဆင့်မြင့်ဆွေးနွေးပွဲများ (High–Level Dialogues) ကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။


တရုတ် (ကွမ်ရှီး)–အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်သို့တက်ရောက်ရန် နန်နင်းမြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာရဲတင့်ထွန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၇ ရက် နံနက် ၉ နာရီတွင် (၂၃)ကြိမ်မြောက်တရုတ်–အာဆီယံကုန်စည်ပြပွဲဖွင့်ပွဲသို့ အာဆီယံအဖွဲ့ဝင် ခုနစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်သည်။

ညနေပိုင်းတွင် တရုတ်(ကွမ်ရှီး)–အာဆီယံစိုက်ပျိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုကွန်ဖရင့်ဖွင့်ပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယဝန်ကြီးဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး တရုတ်(ကွမ်ရှီး)–အာဆီယံ စိုက်ပျိုးရေးနှင့် ဆင်းရဲမွဲ လျော့ချရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအတွက် သဘောတူညီမှုလက်မှတ်ရေးထိုးပွဲ၌ အသိသက်သေအဖြစ် မှတ်တမ်းတင်ပါဝင်၍ ခေတ်မီနည်းပညာသုံးစိုက်ပျိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေး ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်၍ အရည်အသွေးမြင့်ထုတ်လုပ်မှုစွမ်းအားများ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းမြှင့်တင်ခြင်း စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် (၂၃)ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲကို ကြည့်ရှုလေ့လာပြီး JJR Science and Technology Group Co., Ltd. သို့ သွားရောက်၍ ဂြိုဟ်တုအသုံးပြု အဝေးထိန်းချုပ်ယာဉ်နည်းပညာဖြင့် ရေပေးသွင်းခြင်း၊ ဓာတ်မြေဩဇာ အရည်များထည့်သွင်းခြင်း၊ AI ရုပ်ပုံကားချပ်ဖြင့် ဆန်းစစ်ခြင်း၊ စုစည်းထားသော တိကျမှန်ကန်သည့် ယခင်မိုးလေဝသကိန်းဂဏန်း အချက်အလက်များနှင့် ယခုကိန်းဂဏန်း အချက်အလက်များကို နှိုင်းယှဉ်လေ့လာခြင်း၊ သီးနှံကြီးထွားမှုနှင့် ဖျက်ပိုးကျရောက်မှုများကို စောင့်ကြည့်လေ့လာ၍သတိပေးခြင်း၊ တိကျမှန်ကန်သည့် ကိန်းဂဏန်း အချက်အလက်များဖြင့် စနစ်ကျသော စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများတွင် ဝန်ဆောင်မှုပေးခြင်းနှင့် အွန်လိုင်းမှ သစ်သီးဝလံများကုန်သွယ်ခြင်းဆောင်ရွက်နေမှုနှင့် JJR Science and Technology Group Co., Ltd. ၏ AI နည်းပညာ အသုံးပြု ဘလူးဘယ်ရီ(Blueberry) စိုက်ခင်းတို့ကိုကြည့်ရှုလေ့လာသည်။

စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် Guangxi Aquatic and Animal Husbandry School သို့သွားရောက်၍ ငါးမွေးမြူရေးနည်းပညာ၊ ငါးမျိုးစိတ်များမျိုးပွားထုတ်လုပ်ခြင်း၊ ရေထွက်သတ္တဝါများ၏ ရောဂါကာကွယ်/ကုသရေး၊ အစာနှင့်အာဟာရစီမံခန့်ခွဲမှု၊ ရေအရည်အသွေးစီမံခန့်ခွဲမှု၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၊ နွား၊ ဝက်၊ ကြက်စသည့် မွေးမြူရေးတိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်း၊ တိရစ္ဆာန်အာဟာရနှင့် အစာကျွေးစနစ်၊ မျိုးပွားရေးနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ မွေးမြူရေးခြံစီမံခန့်ခွဲမှု၊ တိရစ္ဆာန်ထွက်ကုန်များထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးထိန်းသိမ်းခြင်း၊ အအေးခန်း/ Cold Chain၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ဆန်၊ ဆီ ထွက်ကုန်၊ မွေးမြူရေးထွက်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်း၊ Quality Control နှင့် Food Safety တို့ကို လေ့လာခဲ့ကြောင်း သိရသည်။

မြဝတီ



နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမည့် ငါးမွေးမြူရေးကဏ္ဍ၌ ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ငါးသယံဇာတဆိုင်ရာကဏ္ဍများကို ငါးမွေးတောင်သူများ ထဲထဲဝင်ဝင်သိရှိစေရန် အကြိမ်ရေများစွာပို့ချ

ပဲခူး စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမည့် ငါးမွေးမြူရေးကဏ္ဍ၌ ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ငါးသယံဇာတဆိုင်ရာ ကဏ္ဍများကို ငါးမွေးတောင်သူများ ထဲထဲဝင်ဝင်သိရှိစေရန် အကြိမ်ရေများစွာပို့ချပေးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ငါးမွေးရာသီတွင်လည်း ကောင်းမွန်သောရေသတ္တဝါကျင့်စဉ်(GAqP) ကျင့်စဉ်နှင့်အညီ ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရန် သင်တန်းနှင့်အသိပညာပေးဆောင်ရွက်ခဲ့သည့်နည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မေလအထိ ငါးလုပ်ငန်းသင်္ဌာန်းကျောင်း(ပဲခူး)၌ ဘာသာရပ်ခြောက်မျိုးကို သင်တန်းပို့ချပေးခဲ့ရာ ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ငါးသယံဇာတထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းကို ၄၃ ကြိမ်အထိ ပို့ချပေးခဲ့ပြီး ကောင်းမွန်သော ရေသတ္တဝါကျင့်စဉ်(GAqP)ကျင့်စဉ် ဘာသာရပ်အား ၁၁ ကြိမ်အထိ ပို့ချပေးခဲ့ကြောင်း သိရသည်။

"ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ဖို့ တိုင်းဒေသကြီးအတွင်းက ငါးသားဖောက်စခန်းသုံးခုကနေ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ရွှေရောင်ငါးကြင်း၊ ငါးခုံးမကြီးစတဲ့ ငါးမျိုးစိတ်တွေကို သားဖောက်ပြီး ဖြန့်ဖြူးပေးတဲ့အပြင် ကောင်းမွန်တဲ့ ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နဲ့ ဆက်လက်မွေးမြူထုတ်လုပ်သွားဖို့ သင်တန်းတွေပေးနေပါတယ်။ ယခုနှစ် မေလအထိဆိုရင် ဘာသာရပ်ခြောက်မျိုးမှာ သင်တန်း ၆၄ ကြိမ်အထိပေးခဲ့ပြီး ငါးမွေးတောင်သူ ၂၀၉၅ဦးကို အသိပညာပေးဆွေးနွေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ပို့ချပေးသွားမှာပါ"ဟု ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာစုမျိုးသွယ်က ပြောသည်။

ရေချိုမြစ်ကြီးများကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ရေထွက်ကုန်ဖမ်းဆီးရရှိမှုထက် ရေချိုမွေးမြူထုတ်လုပ်မှုမှ အနာဂတ်၌ ငါး၊ ပုစွန်စားသုံးမှု ရေရှည်ဖွံ့ဖြိုးတိုးမြှင့် ထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါး၊ ပုစွန်မွေးတောင်သူများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရန် တောင်သူများအား ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ငါးသယံဇာတထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်း၊ ကောင်းမွန်သောရေသတ္တဝါကျင့်စဉ်(GAqP)ကျင့်စဉ် သင်တန်း၊ တိုင်းရင်းငါးပြေမ ဆေးထိုးသားဖောက်ပြုစုမွေးမြူခြင်း သင်တန်း၊ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း၊ တိုင်းရင်းငါးရံ့ ဆေးထိုးသားဖောက်ပြုစုမွေးမြူခြင်း သင်တန်းနှင့် မြစိမ်းရောင်စီမံကိန်း(ငါးကဏ္ဍ) သင်တန်းတို့ကို ဖွင့်လှစ်ပို့ချခဲ့သည်။

ထိုသို့ သင်တန်းများပို့ချရာ၌ မွေးမြူထုတ်လုပ်သည့် ရေထွက်ကုန်မှခိုင်မာတည်တံ့သောစျေးကွက်တစ်ခုအဖြစ် ရရှိစေမည့်အပြင် နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမည့် ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ငါးသယံဇာတထိန်းသိမ်းခြင်းဆိုင်ရာအသိပညာကို ထဲထဲဝင်ဝင်သိရှိလိုက်နာနိုင်စေရန် အကြိမ်ရေအများဆုံးအဖြစ် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သစ္စာ(MNA)

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ဇီကာ တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၃၅ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၅ ဒသမ ၄၄ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ဦးစွာ ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဧရာဝတီတိုင်းဒေသကြီး၌ ဓာတ်မြေဩဇာစက်ရုံကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် ဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီသော သဘာဝဓာတ်ငွေ့ရရှိနိုင်မှုအခြေအနေနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းချိတ်ဆက်နိုင်မှုအခြေအနေများအရ လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ပြည်တွင်းမှ သဘာဝဓာတ်ငွေ့များ တိုးမြှင့်ရရှိလာမှုနှင့်အတူ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ပြီးစီးပါက နယ်မြေဒေသ၏ လိုအပ်ချက်နှင့် ဈေးကွက်ဖြစ်ထွန်းမှုအခြေအနေအလိုက် ဓာတ်မြေဩဇာစက်ရုံအသစ်များ တည်ဆောက်ခြင်းကို ဆောင်ရွက် သွားနိုင် မည်ဖြစ် ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာဝဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန်အတွက် စက်သုံးဆီအား လွယ်ကူအဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် လပွတ္တာမြို့နယ်အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာလုပ်ငန်းခွင်များနှင့်ရေယာဉ်များတွင် အသုံးပြုရန် အတွက် စက်သုံးဆီအား လွယ်ကူအဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အဆင့်ရှိ ဝန်ထမ်းများ ဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်းနှင့် လိုအပ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးအောင်ဇော်မိုး (ခ) အောင်ဇော်မိုးထွန်း၏ **မူဆယ်မြို့တွင် စက်သုံးဆီဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရန်အတွက်စက်သုံးဆီကို တရုတ်နိုင်ငံမှ တင်သွင်းနိုင်ရေးသွင်းကုန်လိုင်စင်အား မည်သည့်အချိန်တွင် စတင်ချထားပေးမည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မူဆယ်ကုန်သွယ်ရေးလမ်းကြောင်း၏ လက်ရှိနယ်မြေအခြေအနေများကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စက်သုံးဆီတင်သွင်းရန် အခက်အခဲများရှိနေသော်လည်း ယခင်တင်သွင်းခဲ့မှုအခြေအနေအရ လည်းကောင်း၊ အခြားနယ်စပ်စခန်းများမှတင်သွင်းနိုင်မှုအခြေအနေများအရ လည်းကောင်းစိစစ်၍ ပြန်လည်တင်သွင်းခွင့်ပြုနိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဓနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ဓနုဖြူမြို့နယ်၊ဖန်ခါးကွင်း၊ကျွဲတလင်းနှင့် ညောင်ကုန်းကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ရှိ ဖန်ခါးကွင်း-ကျွဲတလင်း-ညောင်ကုန်းကျေးရွာချင်းဆက် မြေသားလမ်း (၂)မိုင် (၁) ဖာလုံရှိသည့်အနက် ကျောင်းစုကျေးရွာအုပ်စုမှဖန်ခါးကွင်းကျေးရွာ၊ ကျွဲတလင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာတို့၏ ရွာချင်းဆက်မြေသားလမ်းသည် အရှည်ပေ ၈၅၀၀ ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့်အတွက် ဌာနပိုင်လမ်းစာရင်းတွင် ထည့်သွင်းခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းမှာအကျယ်(၁၅)ပေခန့်သာရှိသော မြေသားလမ်းဖြစ်သည့်အတွက် လိုအပ်သော လမ်းအကျယ်ရရှိသည်အထိ လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းအား ဦးစွာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန် ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ထပ်မံလိုအပ်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကျန်အပိုင်းများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့နယ်ဆင်နားချောင်းကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျန်းကျောက်ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် ဆင်နားချောင်းကျေးရွာမှ ဒိုးတန်းရွာထိ လမ်းပိုင်းသည် စုစုပေါင်းအရှည် (၆) မိုင် (၄ ဒသမ ၁၅) ဖာလုံရှိပြီး ဆင်နားချောင်းကျေးရွာမှလက်မဲပြင်ကျေးရွာအထိလမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းပိုင်းဖြစ်ပါကြောင်း။

သိမ္ဘလ-ဆင်နားချောင်း-ကင်းတဲ-လက်မဲပြင်အထိ လမ်းအရှည် (၅) မိုင်(သုည ဒသမ ၁၅) ဖာလုံရှိရာ လက်ရှိလမ်းအခြေအနေမှာ (၁၂)ပေ ကွန်ကရစ်လမ်း (၁)မိုင်(၃ ဒသမ ၃၅) ဖာလုံနှင့် ကျောက်ချောလမ်း (၃) မိုင် (၄ ဒသမ ၈) ဖာလုံဖြစ်ပြီး ပျက်စီးနေသော လမ်းပိုင်း(၃) မိုင် (၂ ဒသမ ၃) ဖာလုံအား ဖြုန်းကျောက်စရစ်ခင်းပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် (၃၈ ဒသမ ၇) သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိလမ်းပိုင်းအနက်(၂ဒသမ၅)ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လက်မဲပြင်-ဒိုးတန်း-နဂါးလမ်းအထိ လမ်းအရှည် (၄)မိုင် (၄) ဖာလုံရှိပြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော Class (B) အဆင့်လမ်းဖြစ်ပါကြောင်း၊ လက်မဲပြင်ကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျောက်ချောလမ်း (၁)မိုင် (၄)ဖာလုံရှိပြီး ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်၍ ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်ပါက ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေအကန့်အသတ်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဒိုးတန်းကျေးရွာမှ နဂါးကျေးရွာထိ မြေသားလမ်း (၃)မိုင်ရှိပြီး ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မြေသားလမ်း (၃)မိုင်အနက် (၁)မိုင်အား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရာနီ၏ **ပူတာအိုမြို့နယ် ပန်းလှိုင်ရပ်ကွက်နှင့် ပူတောင်း ကျေးရွာဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ပန်းလှိုင်-ပူတောင်း-မုခုံလမ်းသည် စုစုပေါင်းလမ်းအရှည် (၂)မိုင် (၇)ဖာလုံရှိပြီး ပြည်နယ်မှ စီမံခန့်ခွဲသော Class (A) အဆင့်ကျောက်ချောလမ်း ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စုစုပေါင်းလမ်းအရှည် (၂)မိုင် (၇)ဖာလုံ အနက် (၄)ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းမြို့နယ် မိုးညှင်း-ညောင်ကိုင်း-ကာတူလမ်းပေါ်တွင် သံကူကွန်ကရစ်နန့်ရင်းချောင်းကူးတံတား(၁)စင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိုးညှင်းမြို့နယ် မိုးညှင်း-ကာတူ-ညောင်ကိုင်းလမ်းပေါ်တွင် ဆွစ်ဇာလန်နိုင်ငံမှ လှူဒါန်းထားသော အရှည် (၂၁၁)ပေ၊ အကျယ် (၅)ပေ ရှိသံမဏိကြိုးဆိုင်းတံတားတည်ရှိပါကြောင်း၊ မိုးတွင်းကာလမှအပ ကျန်ကာလများတွင် ချောင်းအတွင်းမှ ယာဉ်များသွားလာနိုင်ပြီး ကြိုးတံတားအပေါ်မှ လူနှင့် ဆိုင်ကယ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ပါကြောင်း။

ညောင်ကိုင်းနှင့် ကာတူကျေးရွာတို့သည် ရာသီမရွေးသွားလာနိုင်ခြင်း၊ ဆက်သွယ်ရေးပြတ်တောက်မှုမရှိခြင်း၊ အကျိုးပြုရလဒ်အနေဖြင့် ကျေးရွာ (၂)ရွာ၊ အိမ်ခြေ (၄၆၅) အိမ်၊ လူဦးရေ (၂၄၀၀)၊ စိုက်ပျိုးဧကာ၊ ပညာရေးအနေဖြင့် အလယ်တန်းကျောင်း(၂)ကျောင်းရှိပြီး ကျန်းမာရေးအနေဖြင့် မိုးညှင်းမြို့သို့ (၅)မိုင် သာကွာဝေးပြီး ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းမကြီးများမှတစ်ဆင့် အသုံးပြုသွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါတံတားသည် ဒုတိယဦးစားပေးလမ်းပေါ်တွင် တည်ရှိသဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှားမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှားမြို့နယ်၌ အားကစားကွင်းပွဲကြည့်စင်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညီညီကနိုင်ထံတော် အကြီးအကဲက ပြည်သူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ ဒေသအလိုက်အားကစားပြိုင်ပွဲများကျင်းပပြုလုပ်ပေးရန်နှင့် အားကစားကွင်းများ စနစ်တကျဖြစ်စေရေးဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် စံချိန်စံညွှန်းမီအားကစားကွင်း၊ အားကစားရုံများနှင့် ဒေသတွင်း အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးနိုင်ရေးအတွက်ပွဲကြည့်စင်များကို ဖြည့်ဆည်းဆောက်လုပ်ပေးလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ် မိုင်းရှားမြို့နယ်တွင် လူဦးရေ (၁၇၄၆၀) ရှိပြီး မြေဧရိယာ ၄ ဒသမ ၆၅ ဧကရှိ မိုင်းရှားမြို့နယ် အားကစားကွင်းမှာ နှစ်(၃၀) မြေဂရန်ရရှိထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ အားကစားကွင်းအတွင်း (အလျား ပေ ၁၃၀၊ အနံ ပေ ၃၀)ရှိ ကွန်ကရစ်ပွဲကြည့်စင် (၂)ထပ်တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၁၁၇၀ အား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေစာရင်းတွင်ထည့်သွင်းလျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မိုးကောင်းမြို့ မြို့နယ် အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ အောက်ခံကြမ်းပြင် ပြုပြုပြင်ပေးရန်နှင့် ဘောလုံးကွင်းပွဲကြည့်စင်တစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၏ ပျက်စီးနေသောအောက်ကြမ်းခင်းပြုပြင်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၅၄၀ နှင့် အထူးတန်းပွဲကြည့်စင်၏ ဘယ်ဘက်တွင် ရိုးရိုးတန်းပွဲကြည့်စင် (အလျား ပေ ၈၀၊ အနံ ပေ ၃၀) (၁)ခုအား တည်ဆောက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်၅၆၄ သန်း၊ စုစုပေါင်း

စာမျက်နှာ ၈ သို့

▸ စာမျက်နှာ ၇ မှ

ခန့်မှန်းကုန်ကျငွေကျပ် ၁၁၀၄ သန်း တို့အား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်၏ ကျခင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကျခင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါကဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကင်ဆားရပ်ကွက် ပြည်သူ့အားကစားကွင်း၌ ဘောလုံးကွင်းပတ်လမ်း၊ ပွဲကြည့်စင်၊ လူငယ်လေ့ကျင့်ရေး ဘောလုံးကွင်းနှင့် ဖူဆယ်ဘောလုံးကွင်းရုံတို့ကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက ကျခင်ပြည်နယ် တနိုင်းမြို့နယ် ကင်ဆားရပ်ကွက် ပြည်သူ့အားကစားကွင်းအတွင်းတွင် အားကစားခန်းမ၊ အထူးတန်း ပွဲကြည့်စင်၊ စကိုးဘုတ်နှင့် ရုံး အဆောက်အအုံများ ဆောက်လုပ်ထားရှိပြီး စုစုပေါင်းမြေဧရိယာ အလျား ပေ (၄၉၀)။ အနံ ပေ (၃၇၀) သာကျန်ရှိသည့်အတွက် တနိုင်း အားကစားကွင်းအတွင်း မီတာ (၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်း ဖောက်လုပ်ရန်အတွက် မြေဧရိယာ လုံလောက်မှုမရှိပါသဖြင့် ဆောင်ရွက်ပေး၍ မရနိုင်ပါကြောင်း၊ မြေဧရိယာအကျယ်အဝန်း အလျား (၆၂၂) ပေ၊ အနံ (၃၃၄)ပေရှိမှသာ မီတာ (၄၀၀)ပြေးလမ်းပါအားကစားကွင်းအဖြစ် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

တနိုင်းမြို့နယ် အားကစားကွင်း အတွင်း လက်ရှိပွဲကြည့်စင် (ပေ ၁၀၀၊ ပေ ၄၀) အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျခင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေမှ ငွေကျပ်သန်း ၉၀ ဖြင့် တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့နယ် အားကစားကွင်းရိုးရိုးတန်းပွဲကြည့်စင် (ပေ ၁၀၀ ၊ ပေ ၄၀) တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၇၂၀ နှင့် ဖူဆယ် အားကစားရုံ (ပေ ၁၅၀၊ ပေ ၁၁၀) တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၃၃၀ စုစုပေါင်း ငွေကျပ် သန်း ၄၀၂၀ တို့ အား ဦးစားပေးအလိုက်အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်၏ ကျခင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကျခင်ပြည်နယ် အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကျခင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်နှင့် အတူရှင်းလင်းဖြေကြားသည်။

မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၏ **မကွေးမြို့နယ်တွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးညီညီက အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းတည်ဆောက်ထားခြင်း မရှိသေးသည့်အတွက်ဖွင့်လှစ်နိုင်ရန် ပထမဦးစားပေးမြေနေရာနှင့် ဒုတိယဦးစားပေးမြေနေရာများကို လျာထားခဲ့ပါကြောင်း။

အဆိုပါလျာထားမြေနေရာ(၂)ခု အနက် ပထမဦးစားပေးမြေနေရာသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် အုန်းကုန်းရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကာကွယ်ထိန်းသိမ်းရေးအတွက် စီမံချက်များအား လာမည့်တဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လက်ပံတန်းမြို့နယ် ကွမ်းသီးတပင်ကျေးရွာ အုပ်စု အုန်းကုန်းရွာအနီး ကမ်းပြိုကမ်းစားမှုကာကွယ်နိုင်ရေးအတွက် ၂၀၂၃-၂၀၂၆ ဘဏ္ဍာနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တို့တွင်ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေလမ်းကြောင်းပြောင်းလဲမှုအရ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများအတွက် ကွင်းဆင်းတိုင်းတာစစ်ဆေးပေးသွားမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းတိုင်းတာ စစ်ဆေးချက်အပေါ်မူတည်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် လျာထားနိုင်ရေးတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ရပ်ကွက်ရှိ ဆင်ဖြူပြင်ဆိပ်ခံဗောတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဆင်ဖြူပြင်ဆိပ်ခံဗောတံတားအား သံကူကွန်ကရစ်ဆိပ်ခံတံတားအဖြစ် ပြောင်းလဲတည်ဆောက်ရန်အတွက် နယ်မြေလုံခြုံရေးအခြေအနေကောင်းမွန်လာချိန်တွင် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုဆောင်ရွက်ပြီး ရရှိလာသည့် လေ့လာဆန်းစစ်မှုအစီရင်ခံစာအရ တစ်ဆင့်ချင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးရယ်ဒမ်းတန်း၏ **နောင်မွန်းမြို့ ကဆန်ချောင်း ကမ်းပြိုကာကွယ်ရေး အတွက် မြေထိန်းနံရံထပ်မံမြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကချင်ပြည်နယ် နောင်မွန်းမြို့ ကဆန်ချောင်းအတွင်း ပျက်စီးသွားသည့် ကမ်းထိန်းနံရံများအား ပြုပြင်ခြင်းနှင့် ဆောင်ရွက်ပြီးသော ကမ်းထိန်းနံရံအနောက်ဘက်ရှိတိုက်စားလွယ် သောကမ်းပါးများအား အမြင့် ၁၀ ပေ အထိ မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကြောင်းနှင့် မြစ်ကမ်းပါးပြောင်းလဲမှုအခြေအနေများအား ကွင်းဆင်းတိုင်းတာ စစ်ဆေးသွားမည်ဖြစ်ပါကြောင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်ဇော်ထက်၏ **ဧရာဝတီမြစ်ကမ်းဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းသည် ဧရာဝတီမြစ် ပင်မအစီအမံအရ လိုအပ်သည့် မြစ်အကျယ်ရရှိရေး ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ခြင်း၊ သောင်တူးရာမှ ထွက်ရှိလာသည့် တူးစာများကို ဆိပ်ဖြူဘက်ကမ်း၌ စွန့်ပစ်ရာတွင် အလွယ်တကူ ပြန်လည်ပို့ချခြင်း၊ မျောပါခြင်းမရှိစေရန် စက်ကြီးများဖြင့်စနစ်တကျ ဖိကြိတ်ဆောင်ရွက်ထားခြင်း၊ မြစ်အကျယ်ချဲ့ခြင်းဖြင့် အနော်ရထာတံတား၏ တံတားတိုင်ရေတိုက်စားဒဏ်ခံရမှုအား လျော့ချပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကာကွယ်ပေးနိုင်ပါ၍ အမှန်တကယ် ဆောင်ရွက်သင့်သည့်လုပ်ငန်းတစ်ခုဖြစ်သဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လေ့လာဆန်းစစ်မှုများ သေချာစွာပြုလုပ်ပြီးမှ ဆောင်ရွက်ခဲ့သောလုပ်ငန်းဖြစ်ပါကြောင်းနှင့် အနာဂတ်အစီအမံဖြစ်သော ယောချောင်းရေစီးရေလာကောင်းမွန်စေရန် ချောင်းဝဖြောင့်ခြင်းလုပ်ငန်းနှင့် အတူ ကမ်းထိန်းခြင်းလုပ်ငန်းများကို လိုအပ်ပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ် နောက်မီး အုပ်စုနှင့် ဝက်လဟာအုပ်စုအတွင်း ရှိကျေးရွာများ မြစ်ကမ်းထိန်းခြင်းနှင့် မြစ်ကြောင်းလွှဲခြင်းလုပ်ငန်းအား အရေးတကြီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မကျီစုကျေးရွာ၊ ကညင်တပင်ကျေးရွာ၊ ကြို့ကုန်းကျေးရွာတို့နှင့် အင်္ဂပူ-ညောင်ကျိုးကားလမ်း ကမ်းပြိုကမ်းစားခြင်းမှ ရေရှည်ကာကွယ်နိုင်ရန်မှာ တိုက်ရိုက်ကာကွယ်သည့် နည်းစနစ်ထက် သွယ်ဝိုက်ကာကွယ်သည့် နည်းစနစ်ဖြစ်သော Pilot Channel မြစ်ဖြတ်မြောင်း ဖောက်လုပ်နိုင်မှသာ ထိရောက်အောင်မြင်နိုင်မည်ဟု လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြချက်သည် မှန်ကန်ပါသဖြင့် မြစ်ဖြတ်မြောင်း ဖောက်လုပ်နိုင်ရေးအတွက် အင်္ဂပူမြို့နယ်နှင့် ဟသံတမြို့နယ်တို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့ သဘောတူညီမှုရရှိစေရန် ဦးစွာညှိနှိုင်းဆွေးနွေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆွေးနွေးမှုရလဒ်အပေါ်မူတည်ပြီးမှသာ ဝင်ငွေမြစ်ဖြတ်တူးမြောင်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝင်ငွေမြစ်ရေတိုက်စားမှုကာကွယ်ရေးသည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာအကူအညီများ ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကသာမဲဆန္ဒနယ်မှ ဦးတင်ဌေးက **ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာရေးကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်စေရေးအတွက် မြစ်ကြောင်းစီမံခန့်ခွဲမှု လုပ်ငန်းများကို အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏အမည်ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ ကော်မတီဟုပြင်ဆင်ပြီး ကော်မတီဝင်များ အစားထိုးပြောင်းလဲခြင်းကို လည်းကောင်း၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ၏ တာဝန်များအား ပြင်ဆင်သတ်မှတ်ခြင်းကိုလည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာ-ဗီယက်နမ်၊ မြန်မာ- ဂျပန်၊ မြန်မာ - တရုတ်နှင့် မြန်မာ - လာအို လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းကြောင်းနှင့် ယင်းအဖွဲ့များတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်းများ၊ အဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့ထားသော **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို စက်တင်ဘာလ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ် ၅၈ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၂၇ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(စဉ့်ကူးမြို့၏အရှေ့တောင်ဘက် ၁၁ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/၈လ)**

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်ထင်ဝေးရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။


ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့်တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့ အမျိုးသားလွှတ်တော်သည် ပြီးခဲ့သည့်ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတော်အတွက်လိုအပ်သည့် ဥပဒေကြမ်းများကို ဆွေးနွေးခြင်း၊ ပြည်သူလူထု၏အသံနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပေးနိုင်မည့် မေးခွန်းနှင့် အဆိုများကို ဆွေးနွေးဆုံးဖြတ်ခြင်း စသည့် လွှတ်တော်၏တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ယခုကျင်းပသည့် တတိယပုံမှန်အစည်းအဝေးတွင်လည်း နိုင်ငံတော်အတွက်လိုအပ်သည့် ဥပဒေကြမ်းများ ဆွေးနွေးခြင်း၊ ပြည်သူ့အကျိုးပြု မေးခွန်းများနှင့်အဆိုများကို ဆွေးနွေးခြင်း စသည့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် ဆက်လက်လုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း။

လွှတ်တော်ကော်မတီ အသီးသီး



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

အနေဖြင့်လည်း မိမိတို့၏သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကော်မတီအလိုက် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် ဥပဒေများထဲမှလေ့လာပြီး ဥပဒေများကိုလည်းတွေ့ရှိချက်များ တင်ပြပေးရန်ဖြစ်ကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေကြမ်းတင်သွင်းရန် ရှိလာပါက တစ်ပြေးညီဖြစ်စေရန် တင်သွင်းရမည့် နမူနာပုံစံများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ မိမိတို့ကော်မတီများအလိုက် ဆောင်ရွက်ရန်တာဝန်ရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ရာတွင် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း။

ယခုတတိယပုံမှန်အစည်းအဝေးအတွင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် မိမိတို့၏ အသိ၊ ဉာဏ်ပညာ၊ အတွေ့အကြုံများနှင့် စေတနာများကိုအရင်းခံပြီး နိုင်ငံတော်နှင့်ပြည်သူလူထုအတွက်အမှန်တကယ်အကျိုးရှိစေမည့် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှုတ်ခွန်းဆက်သအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ပညာရေးဝန်ထမ်းများအား ရာထူးတိုး၊ ပြောင်းရွှေ့နေရာချထားပေးရာတွင် ဝန်ထမ်းများ မူလနေရပ်ဒေသရှိအခြေခံပညာကျောင်းများ၌ ဦးစားပေးနေရာချထားရန် အစီအစဉ်ရှိ မရှိနှင့် ဆရာ၊ ဆရာမများ လစ်လပ်မှုများပြားသောကျေးလက်ကျောင်းများတွင် ဒေသခံ ဆရာ၊ ဆရာမများဖြင့်အစားထိုးဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများရှိ သင်ကြားရေးဆရာ၊ဆရာမများ၏လစ်လပ်နေရာများတွင် ဖြည့်ဆည်းခန့်ထားရာ၌ ကျောင်းသားဦးရေအရ ဆရာလိုအပ်ချက်ရှိသော ကျောင်းများအား ဦးစားပေးဖြည့်ဆည်းခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်မြေဒေသ မအေးချမ်းသည့် ဒေသမှ ဆရာ၊ ဆရာမများကို နီးစပ်ရာဒေသများတွင် တွဲဖက်ပေးထားခြင်းဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြည့်ဆည်းခန့်ထားရာတွင် ရာထူးတိုး သို့မဟုတ် အပြောင်းအရွှေ့လျော်ကာထားသော ပညာရေးဝန်ထမ်း၏ ဦးစားပေးအလိုက် ဆန္ဒပြုကျောင်းနှင့် ဒေသအား လုပ်ဃက်ရမှတ်၊ တန်းစီဇယားတို့နှင့် လစ်လပ်နေရာတို့အပေါ် မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆရာ၊ ဆရာမများ လစ်လပ်လျက်ရှိသော ကျောင်းများတွင် ပညာရေးဒီဂရီကောလိပ်သင်တန်းဆင်းများအား လျာထားခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလော လစ်လပ်မှုရှိနေသည့် ကျောင်းများတွင် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများ၏ အစီအစဉ်ဖြင့် ပြည်နယ်တွင်း အစားထိုးဖြည့်ဆည်း၍ သင်ကြားရေး အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက် သုခ(၃) လမ်းရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ပျက်စီးလွယ်သောမြေသားလမ်းပေ(၈၂၀) အား ကွန်ကရစ်လမ်းခင်းပေးရန်၊ ပြိုကျ ပျက်စီးနေဖြိုဖြစ်သော ကျောင်း၌စည်းရိုး အုတ်တံတိုင်းနှင့် အသစ်ပြုလုပ်ရန်ကျန်ရှိသော ကျောင်း၌စည်းရိုး အုတ်တံတိုင်း (၈၁၉)ပေအား ပြုလုပ်ပေးရန် အစီအစဉ်ရှိ မရှိရှိပါက မည်သည့်ကာလအတွင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင်များဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၃)ခု၊ တိုးတက်လာသော ကျောင်းသားဦးရေအရတိုးချဲ့အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၂)ခု၊ အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း (၁)ခု၊ ရုံးများအသစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၁)ခု၊ သိပ္ပံဆောင်များအသစ်ဆောက်လုပ်ခြင်း(၁)ခု၊ စာကြည့်တိုက်များအသစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၄)ခု စုစုပေါင်းလုပ်ငန်း (၁၂)ခု အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၄၈၁ ဒသမ ၈၀၀ သန်း ပါဝင်ပါကြောင်း။

အဆိုပါ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းခြံစည်းရိုး ပတ်လည် ပေ(၂၂၀၀)ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပေ(၇၀၀)၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပေ(၄၃၀)ကို ဌာနရန်ပုံငွေဖြင့် ကာရံခဲ့ပြီး (၂၅၁) ပေအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကာရံထားပြီး ဖြစ်ပါကြောင်း၊ လိုအပ်သည့် (၈၁၉)ပေအား အုတ်တံတိုင်း ကာရံပေးနိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ရေလျှံမှုများကြောင့် ပျက်စီးနေသောကျောင်းအဝင်လမ်း (ပေ၈၂၀ x ၄ပေ x ၃ လက်မထူ)အား ကွန်ကရစ်လမ်းခင်းပေးရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ဖြင့်လည်းကောင်း ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် (၁၂၀ x ၃၀ x ၁၂) ပေရှိ အန္တရာယ်ရှိသော တစ်ထပ် (၄ဝါဆောင်) အား ဖျက်သိမ်း၍ (၁၄၀ x ၃၀) ပေ RCC (၃)ထပ် ကျောင်းဆောင်သစ်တစ်ဆောင်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုမိန့်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြိတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၁၅၉၃ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ၈၇၀ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၇၇၄ ဦး စုစုပေါင်း ကျောင်းသား ၃၂၃၇ ဦး ရှိပြီး ကျောင်းဆောင်များအနေဖြင့် စုစုပေါင်းကျောင်းဆောင် ၁၅ဆောင်၊ စာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်းသားဦးရေအရ ဆရာ၊ ဆရာမ ၁၅၈ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၇၇၄ ဦး စုစုပေါင်း ကျောင်းသား ၃၂၃၇ ဦး ရှိပြီး ကျောင်းဆောင်များအနေဖြင့် စုစုပေါင်းကျောင်းဆောင် ၁၅ဆောင်၊ စာသင်ခန်း ၅၇ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်းအား ဖျက်သိမ်းပြီး ကျောင်းသားဦးရေအရ လိုအပ်နိုင်သည့်အပေါ်တွင်စိစစ်၍ နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် အသစ်ထပ်မံ ဆောက်လုပ်ပေးနိုင်ရေး တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းရှိတစ်ထပ်ကျောင်းဆောင် (၂)ဆောင်နှင့်အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွင်းရှိ နှစ်ထပ်ကျောင်းဆောင် (၁)ဆောင်တို့မှာ ကျောင်း၌ပဓိရုပ် မကောင်းတော့ဘဲ ယိုယွင်းပျက်စီးဆွေးမြည့်နေပြီဖြစ်ပါသဖြင့် ဖျက်သိမ်းခွင့်ပြုရန်နှင့် ၎င်းနေရာများတွင် အစားထိုးလျက် (၁၇၀ x ၃၀x ၂၅)ပေ RCC နှစ်ထပ် ကျောင်းဆောင်(၁)ဆောင်နှင့် (၁၀၀ x ၃၀ x ၂၂)ပေ RCC နှစ်ထပ်ကျောင်းဆောင်(၁)ဆောင်တို့အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးသွားမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က **စာမျက်နှာ ၁၀ သို့** ✦

✦ စာမျက်နှာ ၉ မှ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကလေးဝအခြေခံပညာအထက်တန်းကျောင်းတွင် အလယ်တန်းအဆင့်ကျောင်းသား ဖဝဒဦး၊ အထက်တန်းအဆင့် ကျောင်းသား ၁၉၇ ဦး၊ စုစုပေါင်း ကျောင်းသား ၈၀၈ ဦး သင်ကြားလျက်ရှိပြီး ကျောင်းဆောင် များအနေဖြင့် အန္တရာယ်ဆောင် ပေ(၉၆ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်၊ အန္တရာယ်ဆောင် ပေ(၈၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်အပါအဝင် စုစုပေါင်းကျောင်းဆောင်(၇)ဆောင်၊ စာသင်ခန်း(၃၅)ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ကလေးဝအခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိနေသောကျောင်းဆောင်(၂)ဆောင်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းခွင့်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နှင့် ကျောင်းသားဦးရေတိုးတက်လာသည့်အပေါ်မူတည်ပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးဦးစားပေးအစီအစဉ်ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွတ်တော် ကိုယ်စားလှယ် အမှတ် (၄) ဦးဇော်ဝင်းသန့်၏ မေးခွန်းအား ပြည်သာယာဝတီ ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး ဦးဝင်းထိန်က ဖြေကြားသည်။

ဒေါက်တာ ဦးဝင်းထိန်က ပြန်ကြားရာတွင် ပြည်သာယာဝတီ ဒေသကြီးအတွင်း ကျောင်းသားဦးရေ တိုးတက်လာသည့်အပေါ်မူတည်ပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးကလေးဝမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် မူလတန်းအဆင့် ကျောင်းသား ၂၈၁ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၇၃ ဦး၊ စုစုပေါင်း ကျောင်းသား ၃၅၄ ဦး သင်ကြားလျက်ရှိပြီး အဆိုပါကျောင်းတွင် အန္တရာယ်ဆောင် (၄၅ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၂)ထပ်ဆောင် အပါအဝင် ကျောင်းဆောင် (၄) ဆောင်၊ စာသင်ခန်း (၁၂)ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် အန္တရာယ်ဆောင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းခွင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျောင်းသားဦးရေတိုးတက်လာသည့်အပေါ်မူတည်ပြီး ဖျက်သိမ်းသည့်မြေနေရာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွတ်တော် ကိုယ်စားလှယ် အမှတ် (၄) ဦးဇော်ဝင်းသန့်၏ မေးခွန်းအား ပြည်သာယာဝတီ ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး ဦးဝင်းထိန်က ဖြေကြားသည်။

ဒေါက်တာ ဦးဝင်းထိန်က ပြန်ကြားရာတွင် ပြည်သာယာဝတီ ဒေသကြီးအတွင်း ကျောင်းသားဦးရေ တိုးတက်လာသည့်အပေါ်မူတည်ပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းသားလူငယ်များမိုဘိုင်းဖုန်းအသုံးပြုမှုအန္တရာယ်မှ ကင်းရှင်းနိုင်စေရေးအတွက် အခြေခံပညာကျောင်းများတွင် ကျောင်းချိန်အတွင်း မိုဘိုင်းဖုန်းသုံးစွဲခွင့်နှင့်ပတ်သက်၍ အမိန့်နှင့်ညွှန်ကြားချက်များ တင်းတင်းကျပ်ကျပ် ထုတ်ပြန်၍ တားမြစ်ထားခြင်း ရှိ၊ မရှိ၊ ထုတ်ပြန်တားမြစ်ထားချက်အပေါ် မလိုက်နာပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်ရမည်ကိုတိကျသော ညွှန်ကြားချက်များ ချမှတ်ပေးထားခြင်း ရှိ၊ မရှိနှင့် ကလေးသူငယ်ဆိုင်ရာ အွန်လိုင်းဥပဒေရေးဆွဲ၍ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာကျောင်းများတွင် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများကို အနှောင့်အယှက်မဖြစ်စေရန်၊ သင်ယူမှုအရည်အသွေးမြှင့်တင်စေရန်နှင့် ကျောင်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်စေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးတို့၏ အဆင့်ဆင့်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း အုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းချိန်အတွင်း Mobile Phone ယူဆောင်လာခြင်းနှင့် အသုံးပြုခြင်းတို့ကို တင်းတင်းကျပ်ကျပ်တားမြစ်သည့် စည်းကမ်းချက်များထုတ်ပြန်၍ ကျောင်းသား၊ ကျောင်းသူများ လိုက်နာဆောင်ရွက်ရန်အစီအစဉ်များ ချမှတ်လျက်ရှိပါကြောင်း။

နည်းပညာခေတ်တွင် Mobile Phone ကဲ့သို့ Tablet, iPad, Computer (Desktop, Laptop) စသည့် Digital Device များအသုံးပြုခြင်းဖြင့် အထွေထွေဗဟုသုတများ၊ ကျောင်းသင်ခန်းစာနှင့်သက်ဆိုင်သော အကြောင်းအရာများ၊ ဘာသာစကားကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှုများအပြင် အခြားနည်းပညာဆိုင်ရာအကြောင်းအရာမျိုးစုံကို လေ့လာဆည်းပူးနိုင်ပါကြောင်း၊ ၂၁ ရာစုကျွမ်းကျင်မှုများအား လေ့လာသင်ယူနေသည့် မျိုးဆက်သစ်များအနေဖြင့် နည်းပညာလေ့လာလိုက်စားပြီး ကျွမ်းကျင်ရန်လည်းလိုအပ်ပါကြောင်းနှင့် Mobile Phone ကန့်သတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကလေးငယ်များ ဖုန်းအလွန်အကျွံသုံးစွဲခြင်းမှ ကာကွယ်ရန်၊ မကောင်းသည့် အကျင့်စရိုက်များ ကူးစက်နိုင်ခြင်း၊ အတုယူမှားခြင်း၊ ကျောင်းသား အချင်းချင်း နိုင်ထက်စီးနင်းပြုမူခြင်း၊ စိတ်ဓာတ်ပျက်ပြားခြင်း စသည့် ဆိုးကျိုးများအား တားမြစ်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများတွင် ကျောင်းသားကလေးသူငယ်များ မိုဘိုင်းဖုန်းသုံးစွဲမှုကို တားမြစ်ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းချက်မရှိသေးသော်လည်း ကျောင်းသားကလေးသူငယ်များအား အွန်လိုင်းပလက်ဖောင်းမှ တစ်ဆင့် ခြိမ်းခြောက်အန္တရာယ်ပြုခြင်း၊ အမြတ်ထုတ်ခြင်းတို့နှင့် ပတ်သက်၍ ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်နိုင်ပါကြောင်း။

သို့ပါ၍ကျောင်းသားလူငယ်များ ကျောင်းချိန်အတွင်း Mobile Phone သုံးစွဲမှုကို ထိထိရောက်ရောက် တားမြစ်နိုင်သော်လည်း ကျောင်းချိန်ပြင်ပအချိန်များတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပိုမိုအကျိုးရှိသည့် ရလဒ်များ ရနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့် ပြည်သူများအတွက် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းများမှ လှူဒါန်းမှုကို ဧရာဝတီတိုင်းဒေသကြီးအမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဝင်း၊ ဦးအောင်တင်မြင့်၊ ဦးအောင်ကျော်မင်းနှင့် ဒေါ်ဇင်ပပ ဦးတို့မှ သွားရောက်လှူဒါန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပါကြောင်း၊ ထိုသို့ လှူဒါန်းခြင်းအား အမျိုးသား လွှတ်တော်က မှတ်တမ်းတင် ကြောင်းကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာလ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ယူရီးယားမြေဩဇုန်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

မော်လမြိုင် စက်တင်ဘာ ၂၂

မွန်ပြည်နယ်အဆင့် ယူရီးယားမြေဩဇုန်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်နယ်အဆင့်ယူရီးယားမြေဩဇုန်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ ကော်မတီအတွင်းရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ယူရီးယားမြေဩဇုန်ယူဖြန့်ဖြူးရောင်းချရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသော ကော်မတီဝင်များက ယူရီးယားမြေဩဇုန်ယူဖြန့်ဖြူးရောင်းချရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆပ်ကော်မတီအတွင်းရေးမှူးများက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

● **မုန်တိုင်းငယ်မှ**

ရေမိုင် ၄၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့ (Visakhapatnam)၏ အရှေ့ဘက် ရေမိုင် ၁၂၀ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့ (Gopalpur)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၈၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟုသတ်မှတ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် ယနေ့ည ၁၀ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၈ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၄ ဒီဂရီ တွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

နောက်၃၆ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်း-သြရိသပြည်နယ် တောင်ပိုင်း ကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှစက်တင်ဘာလ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့် လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဧလ)

(၂၂-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေး ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၅.၂ ~ ၃၆၆၇	၅၅၇.၉ ~ ၅၅၈.၁	၁၂၅.၃ ~ ၁၂၅.၄	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၈,၅၃၂,၁၉၂.၉၉	၄,၈၈၂,၆၆၂.၆၉	၁၀၀,၃၀၀,၃၇၅.၇၂	-

ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe နှင့်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၂

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည် သူ့ လွှ တ် တော် ဥက္ကဋ္ဌက ၁၉၅၄ ခုနှစ်ကတည်းက စတင်ထူထောင်ခဲ့သည့် မိမိတို့ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ၇၂ နှစ်တိုင်ခဲ့ပြီး ချစ်ကြည်ရင်နှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ အဆွေတော်အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ လက်တွဲဆောင်ရွက်ခဲ့သည့်မိတ်ဆွေဖြစ်၍ မိမိတို့နိုင်ငံ၏ အခြေအနေမှန်များကို ပိုမိုသိရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ချစ်ကြည်ရင်နှီးမှုခိုင်မာပြီး အပြန်အလှန်ဖေးမကူညီခဲ့ကြသည့် သမိုင်းကြောင်းများလည်းရှိခဲ့ကြပြီး အစိုးရချင်းသာမက ပြည်သူချင်းလည်း ချစ်ခင်ရင်နှီးကြပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်တိုးမြှင့်ရန် အတွက် လွှတ်တော်ကဏ္ဍမှ စတင်ဆောင်ရွက်နိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်၍ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်ရှိကော်မတီများ၊ အမျိုးသမီး၊ လူငယ်နှင့် နည်းပညာစသည့် ကဏ္ဍအသီးသီးတွင် ဂျပန် အောက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအားလုံး လာရောက်လုပ်ကိုင်နိုင်ရန်အတွက် မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပိုင်းဆိုင်ရာများကို စိစစ်သုံးသပ် လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် နည်းပညာပိုင်းတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးစေလိုပါကြောင်း၊ အဆွေတော် ယခုလိုလာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည့်ပထမဆုံးသော ခြေလှမ်းဖြစ်သည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe က ယခုကဲ့သို့ အဆွေတော်ကို ဂါရဝပြုတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကတည်းက မြန်မာနိုင်ငံသို့ရောက်ရှိကာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဂျပန်-မြန်မာနှစ်နိုင်ငံသည် အလွန်ရင်နှီးကြသည့် မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ မိမိယခုလို လာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ODA စီမံကိန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နှစ်နိုင်ငံ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ခြင်းမှ စတင်ခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်မှုများမှတစ်ဆင့် ပြည်သူချင်းပိုမိုရင်းနှီးအောင် ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ သီလဝါစက်မှုဇုန်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ အဆွေတော်အနေဖြင့် အဆင်ပြေသင့်လျော်ချိန်တွင် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးယောအေးလှ၊ ပြည်သူ့လွှတ်တော် မြန်မာ-ဂျပန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အတွင်းရေးမှူး ဦးမိုးမင်းဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

ရန်ကုန်မြို့အခြေစိုက် အင်ဒိုနီးရှားသံရုံး သံရုံးယာယီတာဝန်ခံအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၂

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် ရန်ကုန်မြို့ အခြေစိုက် အင်ဒိုနီးရှားသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Novan Ivanhoe Saleh ဦးဆောင်သော အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ဆရာအတတ်ပညာသင်ကောလိပ် ၂၅ ခုတို့မှ ဆရာ၊ ဆရာမများ၏ သင်ကြားရေးစွမ်းရည်မြှင့်တင်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ ပညာရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍သင်ပြန်ညှိးစနစ်(Teaching Methodology)ဆိုင်ရာသင်တန်းများ ပံ့ပိုးပေးနိုင်ရေး၊ အင်ဒိုနီးရှားနိုင်ငံရှိ တက္ကသိုလ်များတွင် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများ အတွက်ပညာသင်ဆုအစီအစဉ်များ ရရှိနိုင်ရေး၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL)နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL)တို့တွင် အင်ဒိုနီးရှားဘာသာ စကားသင်ကြားနိုင်ရေး၊ အမျိုးသား စီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ်များအတွက် အင်ဒိုနီးရှားနိုင်ငံရှိခရီးသွားလုပ်ငန်း အထူးပြုတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ကျောင်းသားများ အပြန်အလှန် လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ရေးနှင့် အသက်မွေးဝမ်းမြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇေဝ်မြင့်ညွှန်ကြားရေးမှူး ချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

၂၂-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀) ကျပ်**ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



ဆက်လက်၍ ဘူတာယာဒ်ဝင်းနေရာနှင့် ဘူတာအသစ် တည်ဆောက်မည့်မြေနေရာတို့ကိုလည်း ကောင်း၊ ရန်ကုန်-မန္တလေးရထားလမ်းဟောင်းနှင့် လမ်းသစ်ဆုံရာ ရန်ကုန်ဘက်အခြမ်းရှိ ခေပေါင်းတံတားနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်ရေး တံတားကိုစနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်၊ မန္တလေးဘက်ခြမ်း ရထားလမ်းဟောင်းနှင့်လမ်းသစ်ဆုံရာ ကန်ရိုးကျေးရွာအနီး တံတားဟောင်းနေရာတွင် ပေ ၄၀ တံတားအသစ်တည်ဆောက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် မြန်မာ့မီးရထားတိုင်းအမှတ်(၅)တောင်ငူ တိုင်းရုံးနှင့် မြန်မာ့မီးရထားဆေးဌာန တိုင်းဆရာဝန်ကြီးရုံး(တောင်ငူ) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

၁ ရှေ့စုံးမှအဆက်

ဆောင်ရွက်နေမှု၊ လမ်းပိုင်းအတွင်း တံတား ၁၆ စင်းတည်ဆောက်နေမှု အခြေအနေ၊ မြေ ၄၀ ဒသမ ၅ ကေပေါ်ရှိ အကျယ် ပေ ၄၂၀၀ x ပေ ၄၂၀ ရှိ ဘူတာယာဒ်ဝင်းနှင့် အကျယ် ပေ ၁၄၆ ဒသမ ၅ x ပေ ၅၀ ရှိ နှစ်ထပ်ခွဲ ဘူတာအသစ်တည်ဆောက်မည့်အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ၂၀၂၆ ခုနှစ်ဒီဇင်ဘာလ အကုန်တွင်မြေသားတာပေါ်လုပ်ငန်းများနှင့် တံတားလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ရန်၊ ၂၀၂၇ ခုနှစ် မတ်လတွင်သံလမ်းခင်းခြင်းလုပ်ငန်းများနှင့် ဝန်ထမ်းအိမ်ရာတစ်လုံးကို အပြီးဆောင်ရွက်ရန်၊ စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေးကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာယာကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယနေ့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်း အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးထွန်းဝင်းလတ်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာမြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade – 9 မှ မဆိုင်ဇင်ဖြိုးဦးက လူငယ်နှင့်ကျန်းမာရေး၊ Grade-8 မှ မလင်းလင်းခိုင်က လူငယ်နှင့်အခက်အခဲကိုရင်ဆိုင်နည်း စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ဆက်လက်၍ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(၄၀၂)

တောင်သူဝင်ငွေ မျှသေချာ နှမ်းအထွက်တိုးနည်းပညာ

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် လယ်ယာစီးပွားကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ရန် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ဦးစားပေးလျက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်မှ တောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်သက်သာစေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်နှင့် ဝင်ငွေတိုးပွားလာစေရန်အတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများပံ့ပိုးခြင်းနှင့် စိုက်ပျိုးနည်းစနစ်များကို အဘက်ဘက်မှ ပံ့ပိုးကူညီပေးလျက်ရှိသည်။ ဆီထွက်သီးနှံများအနက် နှမ်းသီးနှံသည် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုအတွက်သာမက ပြည်ပပို့ကုန်အဖြစ်ပါ နိုင်ငံခြားဝင်ငွေအများဆုံးရရှိဖွေပေးနိုင်သောကြောင့် မြန်မာ့လယ်ယာကဏ္ဍတွင် အချက်အချာကျပြီး အရေးအကြီးဆုံးသီးနှံအဖြစ် ရပ်တည်နေသည်။



ပေါင်များပြုလုပ်ထားပုံ

နှမ်းသည် သဘာဝမိုးရွာသွန်းမှုအပေါ်ရာနှုန်းပြည့် မှီခိုနေသဖြင့် စိုက်ပျိုးရေးလောကတွင် ကံစမ်းရလွန်းသော သီးနှံဟုတင်စားခေါ်ဝေါ်ကြသည်။ နှမ်းစိုက်ပျိုးပြီးစ သို့မဟုတ် အပင်ပေါက်ခါစကာလတွင် မိုးသည်းထန်စွာရွာသွန်း၍ စိုက်ခင်းအတွင်း ရေဝပ်သွားပါက ၂၄ နာရီအတွင်း အမြစ်ပုပ်ကာ တစ်ခင်းလုံးသေဆုံးပျက်စီးသွားတတ်သည်။ မိုးဦးခေါင်ပါကလည်း အပင်ပေါက်လုံးဝမထွက်ဘဲ ပျက်စီးတတ်သည်။ ရာသီဥတုကောင်းမွန်မှုတ၍ အောင်မြင်ဖြစ်ထွန်းသည့်နှစ်တွင် အခြားသီးနှံများထက် စရိတ်သက်သာစွာဖြင့် အထွက်တိုး၍ ကောင်းစွာကြွယ်ဝစေသော်လည်း ရာသီဥတုဖောက်ပြန်၍ ပျက်စီးသွားပါကမူ စိုက်ပျိုးစရိတ်နှင့်လုပ်အားခအားလုံး ဆုံးရှုံးတတ်သည်။

ရိတ်သိမ်းချိန်တွင် ကြုံတွေ့ရတတ်သော လေလွင့်ဆုံးရှုံးမှုမြင့်မားခြင်းကလည်း စွန့်စားရမှုကို ပိုမိုကြီးမားစေသည်။ နှမ်းပင်သည် ရင့်မှည့်ချိန်တွင် အသီးများအလိုအလျောက် ကွဲအက်တတ်သည့်သဘာဝရှိရာ ရိတ်သိမ်းချိန် ရက်အနည်းငယ်နောက်ကျသွားခြင်း သို့မဟုတ် ထိုကာလအတွင်း မမျှော်လင့်ဘဲ မိုးရွာချလိုက်ခြင်းမျိုးကြုံရပါက နှမ်းစေ့များ မြေလွှင့်စဉ်ကာ တစ်ခင်းလုံး၏အထွက်နှုန်းကို ဆုံးရှုံးသွားနိုင်သည့်အန္တရာယ်ရှိနေသည်။ သို့သော် ယနေ့ခေတ်တွင်မူ ရာသီရွေ့ပြောင်းစိုက်ပျိုးခြင်း၊ ပေါင်စနစ်ဖြင့်စိုက်ပျိုးခြင်းနှင့် မျိုးစေ့လူးနယ်ခြင်းကဲ့သို့သော စိုက်ပျိုးရေးနည်းပညာများကို စနစ်တကျအသုံးချနိုင်ပါက သေချာရေရာသော စီးပွားဖြစ်သီးနှံအဖြစ်သို့ ပြောင်းလဲပစ်နိုင်သည်။

ရာသီရွေ့ပြောင်းစိုက်ပျိုးခြင်း

မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသများ၏ အဓိကမဟာဗျူဟာမြောက်သီးနှံဖြစ်သော မိုးနှမ်းစိုက်ပျိုးရာတွင် ရာသီဥတုမမှန်ကန်မှုကြောင့်ဖြစ်ပေါ်လာမည့်ဆုံးရှုံးမှုများကို စနစ်တကျကြိုတင်ကာကွယ်ရန် လိုအပ်သည်။ နှမ်းသီးနှံအောင်မြင်ဖြစ်ထွန်းရန် လိုအပ်သောမိုးရေချိန်ပမာဏကို မိုးနှောင်းကာလတွင် ကောင်းစွာရရှိနိုင်သည်။ ထို့ကြောင့် မိုးဦးကာလ မိုးခေါင်မှုဒဏ်ကို စွန့်စားမည့်အစား စိုက်ပျိုးချိန်ကို အနောက်သို့ အနည်းငယ်ဆွဲကာ မိုးလယ်ကာလသို့ ရာသီရွှေ့ပြောင်းစိုက်ပျိုးခြင်းနည်းဗျူဟာကို ကျင့်သုံးသင့်သည်။ အထူးသဖြင့် မိုးဦးနှမ်းကို အထွက်နှုန်းကောင်းမွန်စေရန် ဇူလိုင်လနောက်ဆုံးပတ်မှ



စိုက်ပြီးဆယ်ရက်သား အပင်ဖြစ်ထွန်းမှုအခြေအနေ

သြဂုတ်လပထမပတ်အတွင်း အပြီးစိုက်ပျိုးနိုင်ပါကနောက်ပိုင်းတွင် မိုးခေါင်သည့်ကာလနှင့်ကြုံတွေ့ရတော့မည်မဟုတ်ဘဲ နှမ်းပင်များ ပုံမှန်အောင်မြင်ဖြစ်ထွန်းလာနိုင်သည်။

နှမ်းစိုက်ပျိုးချိန်ကို မိုးလယ်ကာလသို့ရွှေ့ဆိုင်းလိုက်ခြင်းသည် ရာသီဥတုဒဏ်ကို ကျော်လွှားနိုင်ရုံသာမက မိုးဦးကာလဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လအတွင်း အခြားအကျိုးအမြတ်ရမည့် ပဲမျိုးစုံနှင့်အခြားသီးနှံတစ်မျိုးမျိုးကို အစားထိုးစိုက်ပျိုးနိုင်သည့် အခွင့်အလမ်းကောင်းကိုလည်း ရရှိစေသည်။ ထို့ပြင် မြေဆီလွှာအာဟာရကိုဖြည့်တင်းပေးရင်း နှမ်းအထွက်နှုန်းပါ တိုးတက်လာစေရန် မိုးဦးကာလတွင် ပဲတီစိမ်း၊ ပဲစင်းငုံကဲ့သို့သော ပဲမျိုးစုံသီးနှံများနှင့် သီးညှပ်စိုက်ပျိုးသည့်စနစ်ကိုလည်း ကျင့်သုံးနိုင်သည်။

ပေါင်ကြီးတင်စနစ်ဖြင့်စိုက်ပျိုးခြင်း

နှမ်းပင်၏အဓိကအားနည်းချက်မှာ ရေဝပ်ခြင်းကို လုံးဝမခံနိုင်ခြင်းဖြစ်ပြီး ရိုးရာကြဲပက်စနစ်ကြောင့် စိုက်ခင်းအတွင်းရေဝပ်ပါက ၂၄ နာရီအတွင်း အမြစ်ပုပ်ရောဂါဖြစ်တတ်သည်။ မိုးရာသီ၏စိုထိုင်းဆကြောင့် နှမ်းရွက်လိပ်ပိုးနှင့်နှမ်းဖိုရောဂါများလည်း စောစီးစွာကျရောက်တတ်သည်။ ထို့ကြောင့် နှမ်းစိုက်ပျိုးရာတွင် ရေဝပ်ခြင်းနှင့်မိုးခေါင်ခြင်းဒဏ်ကို တစ်ပြိုင်နက်တည်း ကာကွယ်ပေးနိုင်သည့်ပေါင်ကြီးတင်စနစ်ကို အသုံးပြုသင့်သည်။ ပေါင်စနစ်ဖြင့်စိုက်ပျိုးခြင်းသည် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အလူးအလဲခံနေရသည့်နှမ်းစိုက်တောင်သူများအတွက် အထိရောက်ဆုံးနှင့် ရေရှည်အကျိုးအမြတ် အများဆုံးပေးနိုင်သည့် စိုက်ပျိုးရေးနည်းပညာတစ်ခုဖြစ်သည်။

ပေါင်စနစ်ဖြင့်စိုက်ပျိုးရာတွင် စိုက်ပေါင်ပြုလုပ်မည့်မြေနေရာကို ပေါင်းမြက်များရှင်းလင်းပြီး ကျောက်စရစ်ခဲများ၊ အမှိုက်သရိုက်များကင်းစင်အောင် ရှင်းပေးရမည်။ လိုအပ်သောထယ်ရေး၊ ထွန်ရေးရရှိစေရန် မြေသား ၆ လက်မမှ ၁၀ လက်မအနက်ထိ မြေပြုပြင်ပေး၍ မြေသားနုညက်သွားသည်အထိ ပြုလုပ်ရမည်။ စိုက်ပေါင်ကိုနေရောင်အောက်တွင် ရက်အတန်ကြာထား၍ နေလှန်းခြင်း သို့မဟုတ် စိုက်ပေါင်တွင် မြေတွင်းအောင်းပိုးသတ်ဆေးထည့်ပေးခြင်းဖြင့် မြေအောင်းပိုးမွှားများနှင့်ရောဂါများကို ကာကွယ်နိုင်သည်။

စိုက်ပေါင်ပြုလုပ်ရာတွင် အပင်ပြုစုစောင့်ရှောက်မှုလွယ်ကူစေရန် စိုက်ပေါင်၏အနံကို ၃ ပေခန့်၊ အမြင့်ကို ၆ လက်မမှ ၉ လက်မခန့်အထိပြုလုပ်ရမည်။ စိုက်ပေါင်အလျားကို စိုက်ခင်းအရွယ်အစားအတိုင်း သင့်လျော်သလိုပြုလုပ်နိုင်သည်။ ပေါင်တစ်ခုနှင့် တစ်ခုကြားတွင် တစ်ပေခန့်ထားရမည်။

စိုက်ပေါင်များအကြားတွင် ရေထုတ်မြောင်းငယ်များပါရှိသောကြောင့် မိုးသည်းထန်စွာရွာသွန်းသည့် တိုင်အောင် နှမ်းပင်များရှိရာမြေပေါ်တွင် ရေဝပ်ကျန်နေခြင်းမရှိဘဲ ပို့လျှံသောရေများမှာ မြောင်းများမှတစ်ဆင့် လျင်မြန်စွာစီးဆင်းသွားနိုင်သည်။ ဤနည်းလမ်းသည် မိုးဦးမမှန်ဘဲ မိုးရုတ်တရက် အလွန်အကျွံရွာသွန်းတတ်သည့် ရာသီဥတုဆိုးရွားမှုဒဏ်မှ နှမ်းခင်းများကို စိတ်အချရဆုံးအကာအကွယ်ပေးနိုင်သောကြောင့် တောင်သူများအတွက်ဆုံးရှုံးနိုင်ခြေကို လုံးဝလျှော့ချပေးနိုင်သည်။

ပေါင်စနစ်သည် မိုးများချိန်တွင် ရေထုတ်ရလွယ်ကူစေရုံသာမက မိုးခေါင်ချိန်များတွင်လည်း မြေတွင်းအစိုဓာတ်ကို ရိုးရာစိုက်ပျိုးနည်းများထက် ပိုမိုကြာရှည်စွာထိန်းသိမ်းပေးနိုင်သည့်အစွမ်းရှိသည်။ ပေါင်တင်ထားသောမြေဆီလွှာသည် မြေအောက်အစိုဓာတ်ကို အပင်၏အမြစ်များမှ လွယ်ကူစွာစုပ်ယူနိုင်ပြီး နေပူရှိန်ပြင်းထန်ချိန်တွင် မြေပြင်ညီကဲ့သို့ မြေမျက်နှာပြင် အလွယ်တကူခြောက်သွေ့မာခဲ ရောက်နိုင်သဖြင့် လုပ်အားခကုန်ကျစရိတ်သက်သာစေကာ တစ်ဧကနှမ်းအထွက်နှုန်းကို အမြင့်ဆုံးသို့ တွန်းတင်ပေးနိုင်သည်။

မျိုးစေ့လူးနယ်ခြင်း

ပေါင်ကြီးတင်စနစ်နှင့်အတူ တွဲဖက်ဆောင်ရွက်ရမည့်နည်းပညာမှာ နှမ်းမျိုးစေ့များကို မစိုက်ပျိုးမီ မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးခြင်းဖြစ်သည်။ နှမ်းပင်ငယ်စဉ်ကာလတွင် မှိုရောဂါကျရောက်မှုမှကာကွယ်ရန် မျိုးစေ့တစ်ကီလိုဂရမ်(တစ်ပြည်ခန့်) လျှင် ကက်ပတန်မှိုသတ်ဆေး(Captan Fungicide) ၃ ဂရမ်နှုန်းဖြင့် လူးနယ်ပြီးစိုက်ပျိုးလျှင် အကျိုးရှိနိုင်သည်။ မြေဆီလွှာအတွင်းနှင့် မျိုးစေ့တွင်ကပ်ပါလာတတ်သောမှိုရောဂါများကိုကာကွယ်ပေးနိုင်ပြီး အပင်ငယ်များ ကြံ့ကြံ့ခံရှင်သန်နိုင်စေသည်။ နုနယ်လှသောအပင်ငယ်ဘဝကို မြေတွင်းအောင်းမှိုနှင့် ဖျက်ပိုးမွှားများရန်မှသံကွန်ရက်သဖွယ်အကာအကွယ်ပေးနိုင်သည့်အပြင် မျိုးစေ့၏အပင်ပေါက်ရာခိုင်နှုန်းကိုလည်း အကောင်းဆုံးမြှင့်တင်ပေးနိုင်သည်။

မြေတွင်းအောင်းမှိုများကြောင့် ဖြစ်တတ်သော အပင်နာခြင်း၊ အမြစ်ပုပ်ခြင်း၊ ပင်ခြေပုပ်ခြင်းတို့ကို အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ထို့ပြင် နှမ်းစိုက်ခင်းများတွင်အဖြစ်များပြီး အထွက်နှုန်းကိုဆိုးရွားစွာထိခိုက်စေတတ်သည့် ရိုးမည်းရောဂါ၊ နှမ်းဖိုရောဂါကဲ့သို့သော ကူးစက်မြန်ရောဂါဆိုးများကိုပါ ကနဦးကတည်းက ကြိုတင်ကာကွယ်တားဆီးပေးနိုင်သဖြင့် ဤနည်းပညာသည် နှမ်းစိုက်တောင်သူများအတွက် မရှိမဖြစ် အရေးကြီးလှသည်။





အောင်မြင်နေသော ပေါင်ကြီးတင်စနစ် နှမ်းစိုက်ခင်းများ

မြန်မာနိုင်ငံတွင် နှမ်းကိုတိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးပွားမည့်အပြင် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပပို့ကုန် ကဏ္ဍကိုပါ တစ်ပြိုင်နက်တည်းမြှင့်တင်ပေးနိုင်သည်။ ရာသီဥတုဖောက်ပြန်မှုကြားမှ နှမ်းစိုက်တောင်သူများဝင်ငွေသေချာစေရန် ရိုးရာစိုက်ပျိုးနည်းများမှ ရာသီရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ ပေါင်စနစ်ဖြင့်စိုက်ပျိုးခြင်းနှင့် မျိုးစေ့လူးနယ်ခြင်း စသည့်နည်းပညာများကို မဖြစ်မနေကျင့်သုံးသင့်သည်။ တောင်သူများအတွက် လိုက်နာကျင့်သုံးရန် လုံးဝခက်ခဲခြင်းမရှိဘဲ အလွယ်တကူပြောင်းလဲလုပ်ဆောင်နိုင်သည့် ရိုးရှင်းသော စိုက်ပျိုးရေးနည်းဗျူဟာများသာဖြစ်သည်။ စရိတ်နည်းပြီး ထိရောက်လွယ်ကူလှသည့် ဤနည်းပညာများကို ပေါင်းစပ်ကျင့်သုံးခြင်းဖြင့် နှမ်းကို တစ်ဧကချင်းစီ၏အထွက်နှုန်းနှင့်ဝင်ငွေကို သိသိသာသာတိုးတက်စေနိုင်သဖြင့် ဝင်ငွေသေချာစေဖို့ နှမ်းအထွက်တိုးနည်းပညာများကို ပြောင်းလဲကျင့်သုံးကြပါစို့ဟု စေတနာဖြင့် နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မော်ဘီခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးငွေတင်နှင့်ပူးပေါင်းအဖွဲ့သည် လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်း ဒုတိယရဲအုပ်သင်းသီရိရှိန်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်း ဒုတိယရဲအုပ်ဧော်ဧော်အောင်နှင့် အဖွဲ့တို့သည် လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်ဌေးလွင်၊ စက်ဆန်းနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ဧော်ဧော်အောင်နှင့် အဖွဲ့တို့သည် လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ရဲထွဋ်နိုင်နှင့်အဖွဲ့သည်လည်းကောင်း၊ သုံးခွမြို့မရဲစခန်းမှ ဒုတိယရဲအုပ်အောင်ပိုင်ထွဋ်နှင့်အဖွဲ့သည် လည်းကောင်း၊ တိုက်ကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် ကမာရွတ်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း စစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းသည့် ကွန်တိန်နာယာဉ်များနှင့် မသက်ဆိုင်သော ယာဉ်များအား စစ်ဆေးခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ အိမ်တိုင်ရာရောက်မှုခင်းအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စက်ဘီးလှည့်ကင်းဆောင်ရွက်ခြင်း၊ ယာဉ်လိုင်းပေါ်တွင် ခါးပိုက်နှိုက်ဖမ်းဆီးရေးအသွင်ယူဆောင်ရွက်ခြင်း၊ လူကူးမျဉ်းကျားမှပြည်သူများ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ ညပိုင်းကလည်း ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းဆန်းဦးနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ညီညီဌေးနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ အင်းစိန်မြို့မရဲစခန်းမှ ရဲတပ်ကြပ် သန်းစိန်နှင့်ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ သာကေတမြို့နယ် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း မီးတန်းယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်ခြင်း၊ ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်း၊ ဇည့်စာရင်းစစ်ဆေးခြင်းနှင့် ကေတီဗွီဆိုင်များအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်သူ

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



မိတ္ထီလာ စက်တင်ဘာ ၂၂

၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု သီးပင်ကုန်းကျေးရွာမှ ကန်နီကျေးရွာအုပ်စု၊ ကန်နီကျေးရွာဆက်သွယ်သော အမာခံလမ်း ၁ မိုင် ၃ ဖာလုံအနက် ကွန်ကရစ်ခင်းပြီး ကျန်ရှိနေသည့် ၇ ဖာလုံကို ၁၂ ပေ အကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါကျေးရွာချင်းဆက်လမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ထိုကဲ့သို့ ဆောင်ရွက်ပေးမှုကြောင့် မိတ္ထီလာမြို့နယ်ရှိ အလည်ရွာ၊ ခင်တဲနှင့် ကန်နီကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၃၆ ရွာတွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကားသယ်ယူပို့ဆောင်ရာတွင် ယခင်ကထက် ပိုမိုချောမွေ့လွယ်ကူလာခဲ့သဖြင့် ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာထိရောက်အကျိုးဖြစ်ထွန်းစေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

မြဝတီ

ဖလမ်းမြို့ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းပြန်လည်ဖွင့်လှစ်ရန်ပြင်ဆင်



ချင်း စက်တင်ဘာ ၂၂

ဖလမ်းမြို့ကျင်မွာလ်ရပ်ကွက်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတွင် စက်ရက်ကန်း၊ လက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်သင်တန်းများ ဖွင့်လှစ်နိုင်ရန်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး လက်ရက်ကန်းနှင့်ရိုးရာဂျပ်ခုတ်သင်တန်းတက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ အဆိုပါကျောင်းကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံနည်းပြဆရာမက သင်တန်းသုံးကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့်သင်တန်းသား ခေါ်ယူမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးကလိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လက်ရက်ကန်းကျောင်းအဆောက်အအုံ၊ ရက်ကန်းသင်တန်းသား အမျိုးသားအဆောင်၊ ရက်ကန်းသင်တန်းသားအမျိုးသမီးအဆောင်၊ နည်းပြနေအိမ်၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် ကျောင်းအုပ်နေအိမ်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့သွားရောက်ပြီး ရုံးအဆောက်အအုံ၊ ကျောင်းအုပ်နေအိမ်၊ စတိုဆောင်၊ သင်တန်းသားအိပ်ဆောင်များနှင့် စားရိပ်သာအဆောက်အအုံပြုပြင်နေမှုများကို လည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံးအဆောက်အအုံပြုပြင်ပြီးစီးမှု၊ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီးပစ္စည်းအရည်အသွေး၊ လုပ်ငန်းအရည်အသွေးများ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့နောက်တောင်ထန်းသာသနာပြု ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဥတ္တမသာရတည်ထားကိုးကွယ်ခဲ့သော ရန်ပြေမာန်ပြေအောင်တော်မူဓာတ်ပေါင်းစုဆုတောင်းပြည့် စေတီတော်မွမ်းမံပြင်ဆင်ရန်အတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

မြဝတီ

လှည်းကူးမြို့တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



လှည်းကူး စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုအား ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လှည်းကူးမြို့နယ် ကုသရေးဦးစီးဌာနမှ ဒုတိယဆရာဝန်ကြီးရေးမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ အထွေထွေလူနာ ၂၆ ဦး၊ သွေးတိုးဆီးချိုလူနာ ၅၅ ဦးဖြင့် စုစုပေါင်း ၈၁ ဦး လာရောက်ကုသမှုခံယူသည်။

လှည်းကူးမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ လစဉ်ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးကြောင်းသိရသည်။

သန်းစံ (၆၀၄)

MWD Variety Channel

၂၃-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၁၀:၃၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ

၂။ ၁၁:၄၀ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ

၃။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်

၄။ ၁၆:၂၀ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် သီးနှံစုံ ဧက ၁၂၀၀၀ ကျော်လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် သီးနှံစုံ ဧက ၁၂၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် လျာထားစိုက်ပျိုးမည့် သီးနှံများအနေဖြင့် ဖူးစားပြောင်း ၂၅၇၇ ဧက၊ မတ်ပဲ၊ ပဲကြီး၊ ပဲကျား၊ စားတော်ပဲ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲယင်း၊ ပဲနောက်၊ ထောပတ်ပဲနှင့် အခြားပဲသီးနှံ စသည့် ပဲမျိုးစုံသီးနှံ ၇၈၅၇၅ ဧက၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း ဆီထွက်သီးနှံစုံ ၃၄၇၆၅ ဧက၊ စားဖိုဆောင်သီးနှံစုံ ၂၄၅၈ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာ ၇၀၆၉ ဧက၊ ဟင်းသီးဟင်းရွက်မျိုးစုံ ၁၈၃၅ ဧက၊ အထွေထွေစားသုံးသီးနှံ ဧက ၂၈၀ စုစုပေါင်း သီးနှံစုံဧက ၁၂၇၅၉ ဧကကို စိုက်ပျိုးသွားမည်ဖြစ်သည်။

တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာ ဖူလုံစေရုံမျှမက ပိုလျှံသောသီးနှံများကို



ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တစ်နှစ်ထက်တစ်နှစ် သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

နှလုံးလှသူ ဖြစ်ပါစေ

❖ ပညာပြည့်ဝ၊ နှလုံးလှဖို့
သုံးကြစာပေ၊ ဖတ်မှတ်စေရင်း
မသွေကြိုးစား၊ တန်ဖိုးထားလျက်
ရိုးသားနေထိုင်၊ ပြုံးပန်းလှိုင်စွာ
မြဲခိုင်စိတ်ဓာတ်၊ ကောင်းအတတ်ဖြင့်
ပေါင်းစပ်ကျိုးဆောင်၊ ဤလူ့ဘောင်မှာ
မရှောင်စတမ်း၊ ကျဝန်ထမ်း၍
ခမ်းနားသောသူ ဖြစ်ပါစေ။

❖ ဇွဲမာန်လုံလ၊ ဝီရိယဖြင့်
ဘဝလမ်းစဉ်၊ ကောင်းဖို့ပြင်ရင်း
ဆင်ခြင်အမြဲ၊ မှားမှန်ခွဲ၍
ယှဉ်တွဲသူတော်၊ မိတ်ကောင်းဖော်နှင့်
အပျော်မဖက်၊ ဉာဏ်ရည်ထက်ကာ
အသက်ခန္ဓာ၊ တည်မြဲရာကို
မှန်စွာမြတ်နိုး၊ ရည်ရွယ်ကိုးလျက်
ကောင်းကျိုးဆောင်သူ ဖြစ်ပါစေ။

❖ နှစ်ဖြာမိဘ၊ အဆုံးမနှင့်
သုံးချနာယူ၊ ဓမ္မမူဖြင့်
ဇမ္ဗူတစ်ခွင်၊ လှဂုဏ်ဆင်အောင်
အစဉ်သုံးသပ်၊ ပညာရပ်ကို
မပြတ်တိုးပွား၊ လေ့လာထားရင်း
တရားမပျက်၊ မှားမဖက်ဘဲ
အားတက်မာန်ထည်၊ ဂုဏ်မငယ်သည့်
ဉာဏ်ကြွယ်သောသူ ဖြစ်ပါစေ။

❖ လူ့ဘဝမှာ၊ ခဏတာမို့
ဖြစ်ရာချိန်ကိုက်၊ ဆိုးမမိုက်ဘဲ
ပျိုးထိုက်အောင်မြင်၊ ကောင်းကျိုးဆင်ရင်း
ပျော်ရွှင်မြွေချမ်း၊ အစဉ်လန်းလျက်
ခမ်းနားဂုဏ်သိန်၊ ညှိုးမမှိန်အောင်
အရှိန်မပျက်၊ ကြိုးစားလျက်ဖြင့်
နေ့ရက်တိုင်းကို၊ စိတ်ကောင်းပိုကာ
ရွယ်အိုကုန်ဆုံး၊ ခန္ဓာသုဉ်းတိုင်
နှလုံးလှသူ ဖြစ်ပါစေ။ ။

ကိုရွှေတောသား(ဆင်ကူး)



မိုးစပါး(ဆင်းသုခ)စိုက်ခင်း စံကွက်ရိတ်သိမ်း

ညောင်လေးပင် စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာရှိ တောင်သူ ဦးအောင်ဝင်းသိန်း၏ မိုးစပါး(ဆင်းသုခ)စိုက်ခင်း ၁၃ ဧကခွဲ မိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ မိုးစပါး(ဆင်းသုခ)စိုက်ခင်း စံကွက်ရိတ်သိမ်းရာနေရာသို့ ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းနှင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက အားပေးကြသည်။ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအစို ၁၂၈ တင်း ထွက်ရှိသဖြင့် အထွက်နှုန်းကောင်းမွန်ကြောင်းသိရသည်။

နေလင်း(ညောင်လေးပင်)

စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်အသိပညာပေးဟောပြော

မင်းဘူး စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ အသိပညာဇာတ်ပညာဖွံ့ဖြိုးတိုးတက်ပြီး ပြင်ပဗဟုသုတများရရှိနိုင်စေရန်နှင့် ကျောင်းစာများအပြင် သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများရရှိနိုင်စေရန် ရည်ရွယ်၍ ကြာကန်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများကို ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဝေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမောင်မောင်ကျော်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့်ကျောင်းစာများအပြင် အသိပညာဇာတ်ပညာဖွံ့ဖြိုးတိုးတက်စေရေးနှင့်ပြင်ပဗဟုသုတများရရှိနိုင်စေရေးအတွက် သုတ၊ ရသ စာအုပ်စာပေများကို ဖတ်ရှုလေ့လာနိုင်စေရေးကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနှင်းက မြို့နယ်အလိုက် အားကစားပွဲများ ကျင်းပဆောင်ရွက်နေမှုနှင့် အားကစားဆိုင်ရာလှုပ်ရှားဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ဖြူကကလေးအလုပ်သမား အကြောင်းသိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာပေများနှင့် အသိပညာပေးနံရံကပ်စာစောင်၊ ဗွီနိုင်ပို့စတာများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုကြကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

သဲကုန်းမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပြည်သူများလက်ဝယ်အရောက်ပေးအပ်

သဲကုန်း စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်များအား ပြည်သူများ၏လက်ဝယ်အရောက်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နတ်တလင်းခရိုင်ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ငရေးခရိုင်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးမြို့နယ်လုပ်ငန်းအဖွဲ့ဝင်များနှင့် ကျေးရွာလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက မြေငှားဂရန်ပေးအပ်ခြင်း၊ ကျေးရွာမြေငှားဂရန် ခွင့်ပြုချထားပေးခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး အုတ်ဆွဲကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာမြေကွက်ကို ဥပဒေကြောင်းအရ ခိုင်မာစွာပိုင်ဆိုင်ခွင့်ရရှိစေရန်နှင့် မြို့ပြရှိ နိုင်ငံသားများနည်းတူ အခွင့်အရေးများရရှိခံစားနိုင်စေရန်ရည်ရွယ်၍ အုတ်ဆွဲကျေးရွာမှ ဒေသခံပြည်သူ ၅၇ ဦးထံသို့ ကျေးရွာမြေငှားဂရန်များကို လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

အိမ်ပြင်ပ၌ မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

“လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့” အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံ့ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အခြေခံသည့် စက်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ နည်းပညာရရှိရေးနှင့် ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးရည်ရွယ်ချက်များဖြင့် ကျင်းပသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၏ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC 1) ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ကျင်းပသည့် ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း၊ စက်မှုနှင့် အသေးစား၊အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းတို့ ဦးဆောင်သော သဘာပတိအဖွဲ့များက လယ်ယာ၊ သားငါး၊ စက်မှု၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်ကဏ္ဍတို့မှ နိုင်ငံ့ထုတ်ကုန် တိုးမြှင့်ရေးတို့အတွက် ကဏ္ဍအလိုက်လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်သင့်သည့် အခြေအနေများအား ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးစီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာရဲထွန်းအုံ တို့ပါဝင်သော ဦးဆောင်သဘာပတိအဖွဲ့က အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် ဖတ်ကြားခဲ့ကြသောစာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြပြီး မိဒီယာများ၏ မေးမြန်းချက်များကို ဖြေကြားကာ အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် ရေ့လုပ်ငန်းစဉ်များကို အတည်ပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး “လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၂

အဂတိလိုက်စားမှုသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို နှောင့်နှေးစေပြီး ဂုဏ်သိက္ခာလည်း ကျဆင်းစေသဖြင့် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် အဂတိလိုက်စားမှုကို ရှောင်ကြဉ်သင့်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း ဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို ဖွဲ့စည်းထားရှိပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ တစ်ခုတည်းသော ဘုံသဘော တူညီချက်ဖြစ်သည့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးရှိပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ဝင်း ခေါင်းဆောင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ များ၏ လက်ရှိလုပ်ငန်းဆောင်ရွက်ချက်များနှင့် ရေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးစီမံကိန်း၊ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများပေးအပ်

ဟားခါး စက်တင်ဘာ ၂၂

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်ပြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများကို ချင်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၃)နှစ်အတွင်း သင်တန်းသား ၁၃၅ ဦးကို သင်ကြားပေးနိုင်ခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ထူထောင်နိုင်သူ ၄၅ ဦးရှိနေပြီဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း စီမံကိန်းလျာထားဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဒေသခံပြည်သူလူထုတောင်းဆိုသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို အခမဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးစီမံကိန်း၊ လက်ရက်ကန်းဒီဇိုင်းတီထွင် ဆန်းသစ်မှု နည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများ ပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်က အမှာစကား ပြောကြားပြီး ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က ချင်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အကြောင်းကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ လက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းမှ ထူးချွန်သင်တန်းသား၊ သင်တန်းသူ ငါးဦးကို ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်နှင့်ဇနီးတို့က လုပ်ငန်းသုံးပစ္စည်းကိရိယာများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရက်ကန်း သင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား တစ်ဦးကို သင်တန်းဆင်းလက်မှတ် ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ခင်းကျင်းပြသထားသည့် သင်တန်းသား၊ သင်တန်းသူများ ရက်လုပ်ထားသည့် အထည်များနှင့် လုပ်ငန်းသုံးကိရိယာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိုးပိုလာမည်

နေပြည်တော် စက်တင်ဘာ ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **(မိုး/၈လ)**

ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ၃၀၀ ပေ၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိုပ့်ကျမှုဖြစ်ပွားသည်။ အလားတူ အဆိုပါ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာလ ၁၇ ရက် နေ့ နံနက်ပိုင်းတွင် အလျား ၁၆၀ ပေ နှင့် အနံ ၁၅ ပေခန့်ထပ်မံ၍တာပြို ကျမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ့်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင် အမှတ် (၁၂/၂) ၅၀၀ ပေ နှင့် (၁၂/၃) ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ် (၁၁/၅) နှင့် (၁၁/၆)ကြားတွင် ယာယီပန်းတာတည်ဆောက်ခြင်းစသည့်လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဝင်ပန်းတာရေဝင်ရောက်မှု ထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခု နှင့် ကျေးရွာအချို့အပြင် ဟသံတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင်ယနေ့ထိရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

အဆိုပါဝင်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ ဝင်ပန်းတာရေဝင်လမ်းအား (Geo-bags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile များရိုက်သွင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် တာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သည့်နေရာ၌ Steel Sheet Pile များအား အပြီးသတ်ရိုက်သွင်းပြီးဖြစ်ကြောင်းနှင့် Steel Sheet Pile များတောင့်တင်းခိုင်မာစေရန်အတွက်(Geobags) အိတ်များချခြင်း၊ (Jumbo Bag) အိတ်များချခြင်းလုပ်ငန်းများအား လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊လူမှုကူညီရေးအဖွဲ့များ၊ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက် လံပို့ဆောင် ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚C	/	၃၃˚C
ရန်ကုန်	၂၄˚C	/	၃၁˚C
မန္တလေး	၂၆˚C	/	၃၅˚C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဝိုးတန်ရေချိုကို ချွေတာကြပါစို့

မြန်မာ့ပင်လယ်ပြင်

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ (မိုး/၈လ)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တပ်ကုန်းမြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်း(ကင်းသာ)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(သူဌေးကုန်း)နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း(စေတနာ)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့နောက်ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်းရှင်းလင်းပြောကြားသည်။ယင်းနောက် ပြတိုက်အတွင်းရှိတပ်မတော်(ကြည်း၊ ရေ၊လေ)နှင့်လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

“သမီး ဒီကနေ့ စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာတဲ့အခါမှာ ပြခန်းသုံးခုကို တွေ့ရှိခဲ့ရပါတယ်ရှင့်။ အဲဒီပြခန်းသုံးခုကတော့ (ကြည်း၊ ရေ၊ လေ) ပြခန်းပဲ ဖြစ်ပါတယ်ရှင့်။ အဲဒီ ထဲမှာမှ သမီးအကြိုက်ဆုံးပြခန်းကတော့(ကြည်း)ပြခန်းပဲဖြစ်ပါတယ်ရှင့်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံခေါင်းဆောင်တွေရဲ့ ဓာတ်ပုံတွေ၊ နိုင်ငံခေါင်းဆောင်တွေ အသုံးပြုခဲ့တဲ့ အသုံးအဆောင်တွေကို လေ့လာ အားလုံးကို သမီးအနေနဲ့ ကျေးဇူးနဲ့ ခေတ်ဆက်ဆက်အသုံးပြုခဲ့တဲ့ လက်နက်တွေကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ပြီးတော့ကျွန်တော်တို့လေ့လာခဲ့တဲ့ (ရေ)ဆောင်မှာဆိုရင်လည်း တပ်မတော် (ရေ) ရဲ့သမိုင်းနောက်ခံတွေကိုလည်း အများကြီး လေ့လာခဲ့ရပါတယ်။ ကျွန်တော်တို့ အခုရောက်ရှိနေတဲ့နေရာကတော့ (လေ)ဆောင်ပဲဖြစ်ပါတယ်။ (လေ) ဆောင်မှာဆိုရင်လည်း ခေတ်ဆက်ဆက်က အသုံးပြုခဲ့တဲ့ လေယာဉ်ပျံကြီးတွေ၊ တပ်မတော်(လေ)ရဲ့သမိုင်းနောက်ခံတွေကိုလည်း အများကြီး လေ့လာတွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့ကို လေ့လာရေးခရီးပို့ဆောင်ပေးခဲ့တဲ့ တာဝန်ရှိလူကြီးများအားလုံးနဲ့ လိုက်လံရှင်းပြပေးခဲ့တဲ့ တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ လိုက်လံပို့ဆောင်ပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေအားလုံးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျာ”ဟု ပြောသည်။

(၁၀၀)

မိုင်းနောင်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းနောင်မြို့ရှိ နမ့်ခုံးရှမ်းများပရဟိတအသင်းရုံးကုသိုလ်ဖြစ်ဆေးခန်း၌ မိုင်းနောင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ကတိုက်နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ သက်ကြီးဘိုးဘွား ၁၆၅ ဦးတို့အား သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မိုင်းနောင်တပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နမ့်ခုံးရှမ်းများပရဟိတအသင်းရုံးကုသိုလ်ဖြစ်ဆေးခန်းအတွက်အလှူငွေများပေးအပ်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



မိုင်းနောင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“အများပြည်သူသွားလာရေးနှင့်ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့အကြမ်းဖက် PDF သမားများ”** ခေါင်းစဉ်ဖြင့် ၂၃-၉-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၃၀-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အောက်တန်းကျရက်စက်ယုတ်မာတဲ့နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကိုသတ်ဖြတ်နေတဲ့အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၆၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



သွေးသည်အသက်၊ အသက်သည်သွေး၊ သင့်သွေးဖြင့် အသက်ကယ်ပါ။

(၅၈)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ ဘန်ကောက် မြို့၌ လက်ခံကျင်းပမည့် (၅၈)ကြိမ်မြောက်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ (58th ASIAN BODYBUILDING AND PHYSIQUE SPORTS CHAMPIONSHIPS 2026) ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ညွှန်ကြားနှင့်အဖွဲ့ဝင် ၁၂ဦး ပါဝင်သော မြန်မာအားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြပြီဖြစ်သည်။

မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း(နည်းပြ)၊ ဦးနေလင်း(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ဒေါ်နန်းလောင်ခမ်း(ဒိုင်)တို့ပါဝင်ကြပြီး ပြိုင်ပွဲဝင် ကစားသမားများ ဖြစ်ကြသည့် အောင်ထွဋ်သည် 60 kg ပြိုင်ပွဲတွင်လည်းကောင်း၊ ဟိန်းဇော်လင်းသည် 65 kg ပြိုင်ပွဲတွင်လည်းကောင်း၊ ဝေလင်းကျော်သည် Men's Athletic ပြိုင်ပွဲတွင်လည်းကောင်း၊ နေထွဋ်သည် Men's Sport Physique ပြိုင်ပွဲတွင်လည်းကောင်း၊ မိမိကျော်နိုင်သည် Women's Model Physique & Swim Suit ပြိုင်ပွဲတွင်လည်းကောင်း၊ မိုးသက်ခိုင်သည် Women's Athletic Physique & Wellness ပြိုင်ပွဲတွင်လည်းကောင်းပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

■ **ငွေပင်လယ်မှ**

စက်ရုံတွင် တပ်ဆင်ထားသည့် 2 MVA ထရန်စဖော်မာနှင့် တွဲဆက်တပ်ဆင်ထားသည့် မီတာတွင် Alarm ပေါ်နေသဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်၊ ခရိုင်၊ မြို့နယ်ပါဝင်သောဒါးဦးကော်မတီအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲထားကြောင်း သက်သေအထောက်အထားများဖြင့် စစ်ဆေးတွေ့ရှိရသဖြင့် မီတာအားချက်ချင်းဖြုတ်သိမ်းခဲ့ပြီး နှစ်နာဆုံးရှုံးခဲ့သော


ရွှေလင်ပန်း၊ ငွေပင်လယ်စက်မှုဇုန်၊ မြေကွက်အမှတ်(7/B)ရှိဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံအား စစ်ဆေးနေမှုကိုတွေ့ရစဉ်။


"777" ပလတ်စတစ်စက်ရုံတွင် ဓာတ်အားခိုးယူ သုံးစွဲထားရှိမှုအား စစ်ဆေးတွေ့ရှိရသည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။


လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲနေသည့် "777" ပလတ်စတစ်စက်ရုံမှ ပိုင်ရှင်ဖြစ်သူ ဦးသိန်းနိုင်။



လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲနေသည့် "777" ပလတ်စတစ်စက်ရုံမှ မန်နေဂျာဖြစ်သူ ဦးကြည်လှိုင်။

လျှပ်စစ်ဓာတ်အား ယူနစ် ၁၀ ဒသမ ၄၈၈ သန်းအတွက် ကျသင့်လျော်ကြေးငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံအား ပြန်လည်ပေးလျော်စေရေးနှင့် လျှပ်စစ်ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်သောင်ကြီးနယ်မြေရဲစခန်းတွင် စက်ရုံပိုင်ရှင် ဦးသိန်းနိုင်နှင့် စက်ရုံမန်နေဂျာ ဦးကြည်လှိုင်တို့အား အမှုဖွင့်အရေးယူလျက်ရှိသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာများအဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမိုရှာဖွေထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများကို ပိုမိုရှာ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။

ပြည်သူများအနေဖြင့် လည်း လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

မြဝတီ


အကြမ်းဖက်သမားများ လာရောက်ပစ်ခတ်ခဲ့သည့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကိုတွေ့ရစဉ်။


ဟားခါးမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပပြုလုပ်နေမှုကိုတွေ့ရစဉ်။

▼ **ကျောဖုံးမှအဆက်**

လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အဦများအား မီးရှို့ခြင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သာသနာတော်အကျိုးသယ်ပိုးလျက်ရှိသော ရဟန်းသံဃာတော်များ၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် အနှိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက်ပစ်ခတ်သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြသည်။ ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် CDF အမည်ခံအကြမ်းဖက်သမားများသည် ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပပြုလုပ်သော စုပေါင်းသွေးလှူဒါန်းပွဲသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယုတ်မာရိုင်းစိုင်းစွာ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၌ ကျရောက်မည်ဖြစ်သည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အားကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပနေစဉ်ဆေးရုံ၏မြောက်ဘက်မှ CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအင်အား (၇)ဦးခန့်သည် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လူမဆန်စွာ အကြောင်းမဲ့လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်းသိရှိရသည်။

ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့်ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ အကြောင်းမဲ့ဆင်ခြင်တုံတရားကင်းမဲ့စွာ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးစွာ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိသည်။ အဆိုပါ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**


အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့်နေရာ၌ ကျည်ခွံများအား တွေ့မြင်ရစဉ်။

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပထမနေ့ စတင်ကျင်းပ



မန္တလေး စက်တင်ဘာ ၂၂

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် (၉)ရပ်ဖြင့်ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၆၉ ဦး တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း ၁၃ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်း ဝင်များက ပြန်လည်ဖြေကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကအဆိုပြုသော မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာခြင်းနှင့် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁ နာရီခွဲတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာလ ၂၄ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့ ကျင်းပ

ပဲခူး စက်တင်ဘာ ၂၂

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ရှိတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက တိုင်းဒေသကြီးလွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးတွင် ၇၃ ဦး တက်ရောက်ပြီး ၉၇ ဒသမ ၃၃ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးမြန်းချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများနှင့် ဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားရာတွင် တရားရုံးအမှုများ ပြီးပြတ်ပြီးဖြစ်သည့် တရားမဝင်သိမ်းဆည်းထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့်အကောက်ခွန်လွှတ်ပစ္စည်းများကို အချိန်မီလေလံတင်ရောင်းချနိုင်ရေး၊ မီးသတ်စခန်းမြေနေရာသတ်မှတ်ပေးနိုင်ရေး၊ တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဦးချင်းချေးငွေများနှင့် စက်ယန္တရားဝယ်ယူရန် ချေးငွေများရရှိနိုင်ရေး တို့နှင့်စပ်လျဉ်းသည့် မေးခွန်းများကိုလည်းကောင်း၊ လမ်း၊ တံတားများ ပြုပြင်တည်ဆောက်ပေးနိုင်ရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း မြေငှားရမ်းခနှင့် ကြွေးကျန်ကိစ္စများ၊ သစ်တောပြုန်းတီးမှုနှင့် တရားမဝင် သစ်ထုတ်လုပ်မှုလျော့ချရေး၊ ပျက်စီးယိုယွင်းနေသည့် သစ်တောဧရိယာများ ပြန်လည်ထူထောင်ရေးတို့နှင့် ပတ်သက်သည့် မေးမြန်းချက်များကိုလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး ဦးဇော်ဝင်းက ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ခန့်မှန်းဝင်ငွေနှင့် အသုံးစရိတ် ဘတ်ဂျက်ကိုတင်သွင်းပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကိုကိုဦးက ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တင်သွင်းခဲ့ပြီး တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့ကို ရပ်နားခဲ့ကာ ဒုတိယနေ့ အစည်းအဝေးကျင်းပမည့် ရက်နှင့် အချိန်ကို ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

(၄၁၀)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် "Mgmg Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပုဏ္ဏားစုရပ်ကွက်နေ တင်ဌေးအား နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၉-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၂၅	၃၉၈၀	၃၉၃၀	၃၈၄၀	၃၉၈၀	၃၉၉၅	၄၀၃၀	၃၉၁၀	၄၂၈၀	၄၃၀၅	၃၉၃၀	၄၀၅၅	၄၀၂၀	၃၉၈၀	၃၉၉၀	၄၂၂၀
95 Ron	၃၉၅၀	၄၁၀၅	၄၀၅၅	၃၉၆၅	၄၁၁၀	၄၁၂၅	၄၁၅၅	၄၀၃၅	၄၄၀၅	၄၄၃၅	၄၀၅၅	၄၁၉၀	၄၁၀၅	၄၁၀၅	၄၁၁၅	၄၃၄၅
HSD (500 ppm)	၄၁၅၀	၄၃၀၀	၄၂၅၅	၄၁၆၅	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၈၅	-	၄၆၁၅	၄၂၅၅	၄၃၅၀	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၅၀	၅၂၀၅	၅၁၃၅	၅၀၆၅	၅၂၁၀	၅၂၂၅	၅၂၆၀	၅၁၃၅	၅၅၀၅	၅၁၃၅	၅၁၃၅	၅၂၇၀	၅၂၅၀	၅၂၀၅	၅၂၁၅	၅၄၄၅
HSD (10 ppm)	၅၀၅၀	၅၂၀၅	၅၁၃၅	၅၀၆၅	၅၂၁၀	၅၂၂၅	၅၂၆၀	၅၁၃၅		၅၁၃၅	၅၁၃၅	၅၂၇၀	၅၂၅၀	၅၂၀၅	၅၂၁၅	၅၄၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၂၃	၃၇၂၉
95 Ron	၃၇၄၄	၃၈၅၃
HSD (500 ppm)	၃၉၅၄	၄၀၆၄
HSD (50 ppm)	၄၈၁၃	၄၉၄၀
HSD (10 ppm)	၄၈၁၃	၄၉၄၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့်သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှု မီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ည များတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၂၅-၉-၂၀၂၆)ရက်၊ သောကြာနေ့ည တွင် အများပြည်သူ အပန်းပြေ၊ စိတ်ချမ်းမြေ့စေရန်အတွက် မြန်မာဟန်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များ စုပေါင်း၍ **"တင့်တင့်တယ်တယ်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၅-၉-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "တင့်တင့်တယ်တယ်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	လှေကလေး	ပြင်ပအဆိုရှင်
၂။	မောင်နဲ့ဖူးစာဆုံချင်သလား	ပြင်ပအဆိုရှင်
၃။	မြကေခိုင်	ပြင်ပအဆိုရှင်
၄။	မြနန္ဒာ	တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင်
၅။	စန္ဒကိန္နရီ	ဌာနအဆိုရှင်
၆။	တင့်တင့်တယ်တယ်	ဌာနအဆိုရှင်
၇။	ရွှေလည်တိုင်	ပြင်ပအဆိုရှင်
၈။	ချစ်ရောင်ခြည်	ပြင်ပအဆိုရှင်
၉။	အနားမှာနေပါကွယ်	ပြင်ပအဆိုရှင်
၁၀။	ချစ်စရာကလေး	ပြင်ပအဆိုရှင်

❍ **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ ဇုန်များအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များတစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ" အုပ်စုပတ်လည် နောက်ဆုံးအဆင့်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၆ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် ၁ ဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၃ ရက် ညနေ ၃ နာရီမှစတင်၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ"အုပ်စုပတ်လည် နောက်ဆုံးအဆင့် ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်း၌ အိမ်ရှင်ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက် ယှဉ်ပြိုင်သွားဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

⇨ **စမ်းချောင်းမြို့နယ်မှ**

လူငယ်များမှဝိုင်းဝန်းရိုက်နှက်၍ဆဲဆို ခြိမ်းခြောက်ကာ ဓားဖြင့်ထိုးခဲ့သောကြောင့် မောင်ဇူဇင်ဝင်းထွဋ်နှင့် မောင်အာကာကျော်တို့ ဦးတွင် ခန္ဓာကိုယ်၌ ဒဏ်ရာများအသီးသီး ရရှိခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူ လူငယ်များအား ဖော်ထုတ်အရေးယူနိုင်ရေး စမ်းချောင်းမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ တရားခံများအား စုံစမ်းဆောင်ရွက်ခဲ့သည်။



စမ်းချောင်းမြို့နယ်၌ လူငယ်အချင်းချင်းစကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များအား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များမှအဆိုပါ လူငယ်များအား စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်နေ မရွှေရည်ဝတီ(ခ) သဒ္ဒါ(၁၈)နှစ် အား ယင်းနေ့ညနေ ပိုင်းတွင် သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ အမှတ်(၁၀၆၂/ခ)ရှိ နေအိမ်မှ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရစက်တင်ဘာလ ၂၁ရက်နေ့ နေ့လည်ပိုင်းတွင် ပြစ်မှုကျူးလွန်ရာ၌ ပါဝင် သူများဖြစ် သည့် မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်နေ သူရိန်ထွန်း(ခ)Harry(၁၈)နှစ်အား ဒဂုံမြို့နယ်ပြည်(အနောက်)ရပ်ကွက်၊ တော်ဝင်လမ်း၌လည်းကောင်း၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်နေ တင်အောင်ထင်း(ခ)ဇင်ကို(၁၈)နှစ်အား ၎င်း၏နေအိမ်မှ လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ နိုင်မင်းခန့်(ခ)အာကာဟိန်း(ခ)ရိုင်ကူး(၁၇)နှစ်အား မင်္ဂလာဒုံမြို့နယ်၊ထောက်ကြန့်မြို့၊ တိလောက ရပ်ကွက်၊ ရန်ကုန်-ပြည် ကားလမ်းမဘေး၌ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် အရိုး/အသွား ၆ လက်မခွဲခန့်ရှိ ဓားမြှောင် ၁ ချောင်းဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ယင်းနေ့ညပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်နေ အောင်အောင်(ခ)ဘူးသီး (၂၀)နှစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ အပိုင်း(၂)နေ အောင်မြတ်သူ(ခ) နေသက်တန့်လင်း (ခ)ဘိုကီး(၁၄) နှစ်နှင့်အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်နေ မင်းထက်ကျော် (ခ)ကောင်းစည်သူ (ခ)K(၁၇)နှစ်တို့ ၃ ဦးအား မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ ခတ္တာလမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်၌လည်းကောင်း၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်နေ ပြည့်စုံအောင်(၁၆)နှစ်အား ၎င်း၏နေအိမ်မှ လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပြီး မှုခင်းဖြစ်ပွားခဲ့မှုအခြေအနေအား ဆက်လက် စစ်ဆေးကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)


မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Accountများအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



အမှတ်(၇၄)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ ပြတင်းတံခါးဘေးလေကာမှန် ၄ လက်မခန့် ပေါက်ထွက်ကြေမွအက်ကွဲမှုဖြစ်ပွားခဲ့မှုကို တွေ့ရစဉ်။



ပြည်-ရန်ကုန် အမှတ်(၇၄)အစုန် DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိတရားခံအား တွေ့ရစဉ်။



ခဲဖြင့်ပစ်ပေါက်ခံရမှုဖြစ်စဉ်ကြောင့် အမှတ်(၈၃)အဆန် DEMU ရထား၏ အထက်တန်းတွဲ DEMU-U-5007 ပျက်စီးမှုကိုတွေ့ရစဉ်။



ရန်ကုန်-မော်လမြိုင် အမှတ်(၈၃)အဆန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိတရားခံအား တွေ့ရစဉ်။



ခဲဖြင့်ပစ်ပေါက်ခံရမှုဖြစ်စဉ်ကြောင့် အမှတ်(၈၃)အဆန် DEMU ရထား၏ ပထမတန်းတွဲDEMU-F(C)-4013 ပျက်စီးမှုကိုတွေ့ရစဉ်။

➢ **ရန်ကုန် - ပြည်လမ်းမှ**

ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိကြောင်းသိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရထားရဲတပ်ခွဲအမှတ်(၁၉)ပြည်မှ ရထားလိုက်လုံခြုံရေး ရဲအုပ်ဦးစီး (၅)ဦးနှင့် တာဝန်ရှိသူများ သွားရောက်၍ တရားခံဖမ်းဆီးရမိရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး တိုက်ကြီးမြို့နယ် ရဲမှူးဦးစီးအင်အားစုစုပေါင်း(၁၅)ဦး ည ၈ နာရီ ၁၀ မိနစ်တွင် ရောက်ရှိစုံစမ်းစစ်ဆေးခဲ့ရာ တရားခံဇော်ဝဲအောင်၊ အသက်(၃၄)နှစ်(ဘ)ဦးဝင်းဇော်လင်း၊ ဒုံးခိုက် ရွာ၊ ဖလုံကျေးရွာအုပ်စုနေသူအား ဖြစ်စဉ်ဖြစ်ပွားသည့် စက်တင်ဘာလ ၂၁ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိပြီး တရားခံမှ ဝန်ခံထွက်ဆိုသဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ (၈၄) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၅ မိနစ် ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှုမရှိဟု ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်းသိရသည်။

အလားတူ ယနေ့ နံနက် ၁၀ နာရီ ၂၇ မိနစ်တွင် ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၈၃)အဆန် DEMU လူစီးအမြန်ရထားသည် ပေါင်ဘူတာမှ နံနက် ၁၀ နာရီ ၁၃ မိနစ် တွင်ထွက်ခွာလာရာ ပေါင်မြို့နယ်ပေါင်နှင့် သဲဖြူကုန်းဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၆၄/၉ နှင့် ၁၀ အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်း၏ လက်ဝဲဘက်မှ ခဲဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်(၃)တွဲမြောက် အထက်တန်းတွဲ(၂) DEMU (U) 5007 ၏ ခုံအမှတ် 10 A နှင့် 10 B အကြားပြတင်းတံခါးဘေးလေကာမှန်ပေါက်ပြီး စက်ခေါင်းနောက်(၅) တွဲမြောက်ပထမတန်း တွဲ(၄) DEMU (F)4013 ၏ ခုံအမှတ် 10 A နှင့် 10 B အနီး ပြတင်းတံခါးမှန် ပေါက်ထွက်ကြေမွကွဲအက်မှုဖြစ်ပွားခဲ့သည်။ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိဘဲ ဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှု ၃၈ မိနစ် ဖြစ်ပေါ်ခဲ့ပြီး အခြားရထားကြန့်ကြာမှုမရှိကြောင်းသိရသည်။ ဖြစ်စဉ်ဖြစ်ပွားရာသို့ အဆိုပါရထားအား နောက်ပြန်ဆုတ်ပြီး တရားခံအားရှာဖွေဖော်ထုတ်ခဲ့ရာတွင်ကျော်လင်းထွန်း၊ အသက်(၄၄)နှစ်(ဘ) ဦးမောင်အေး၊ ဘန်ကွေးကုန်းကျေးရွာ၊ ရာသက်ပန်လမ်း၊ ပေါင်မြို့နယ် နေသူအား ဖမ်းဆီးရမိခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ (၈၄)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပြစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ ၂၀နှစ်အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကို လည်းချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များအသီးသီး ချမှတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေး အတွက်အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွား ရန်လိုအပ်ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH DAILY EDITION

Vice President Daw Nan Ni Ni Aye attends reception marking 77th anniversary of the founding of People's Republic of China

YANGON September 22

The reception ceremony marking the 77th anniversary of the founding of the People's Republic of China was held this evening at the Wyndham Grand Hotel in Mingala Taungnyunt Township, Yangon Region, with Vice President of the Republic of the Union of Myanmar Daw Nan Ni Ni Aye in attendance.

Also attending the ceremony were Deputy Speaker of the Amyotha Hluttaw Jeng Phang Naw Taung; Union Ministers Lt-Gen Phone Myat and U Than Maung; the Speaker of the Yangon Region Hluttaw; senior Tatmadaw officers; the Commander of Yangon Command and their wives; chairpersons and officials of the International Relations Committees of the Pyithu Hluttaw and Amyotha Hluttaw; region ministers; Ambassador of the People's Republic of China to Myanmar Ms. Ma Jia; ambassadors, chargés d'affaires and military attachés from foreign embassies in Yangon; and invited guests.

First, Vice President Daw Nan Ni Ni Aye and other attendees were warmly welcomed by Ambassador of the People's Republic of China to Myanmar Ms. Ma Jia, the Military Attaché and officials. They then viewed exhibitions showcasing Myanmar-China friendship.

The ceremony was opened with the national anthems of the Republic of the Union of Myanmar and the People's Republic of China, after which Ambassador of the People's Republic of China to Myanmar Ms. Ma Jia delivered a welcome speech.

The Vice-President then delivered a speech, saying that Myanmar and China are good-neighbourly and friendly countries sharing a long border. Over the years, the two countries have worked to further strengthen close cooperation and partnership based on mutual respect, understanding and genuine good-neighbourly relations, in accordance with the Five Principles of Peaceful Coexistence. The two countries have also stood by and supported each other whenever necessary, based on their "Pauk-Phaw" friendship and close ties.



Vice President Daw Nan Ni Ni Aye attends reception marking the 77th anniversary of the founding of the People's Republic of China.

She added that the two countries had further deepened comprehensive cooperation across various sectors and promoted mutual understanding. They had also enhanced strategic comprehensive cooperation, particularly cooperation under the China-Myanmar Economic Corridor of the Belt and Road Initiative. She expressed her wish for the two countries to further promote not only trade and investment but also people-to-people connectivity in areas such as culture and education in the coming years.

She also expressed deep appreciation for the continued support and assistance provided by the Government of China to Myanmar's efforts for peace, stability and national development, as well as China's positive support for Myanmar at regional and international forums, particularly within ASEAN and the United Nations. On the occasion of the 77th anniversary of the founding of the People's Republic of China, she extended wishes for the continued development and prosperity of the People's Republic of China and for the Pauk-Phaw friendship and close ties between Myanmar and China to endure forever.

Next, the Vice President and the Chinese Ambassador cut a cake commemorating the 77th anniversary of the founding of the People's Republic of China and posed for a group photo with the attendees.

Afterwards, the Vice President had dinner together with the attendees. During the dinner, an art troupe from China's Yunnan Province and embassy staff entertained the guests with traditional cultural dances and musical performances.

Myawady

CDF terrorists wantonly attack collective blood donation event at Hakha People's Hospital, Chin State

NAY PYI TAW September 22

Declared terrorist groups, including the CRPH, NUG, their subordinate so-called PDF terrorists, and associated organizations and individuals, have been recklessly and unlawfully committing diverse acts of terror. Aiming to disrupt State peace and stability, instil fear in the public, and undermine the government mechanism, they have targeted non-military objectives by firing upon hospitals, clinics, and schools; assassinating innocent civilians, including loyal civil servants; setting fire to public buildings; launching attacks in towns, wards, and villages; and using weapons to threaten, bully, arrest, torture, and murder local administrative officials, departmental personnel serving regional development, venerable Buddhist monks, and peacefully studying schoolchildren. In committing these acts of terrorism, so-called CDF terrorists wantonly opened fire with heavy and small arms at a

SEE PAGE - 22



A documentary photo of the collective blood donation event taking place at the People's Hospital in Hakha.

Hnanka rice in high demand at domestic market in Thabaung Township



THABAUNG September 22

Daw Thuza Win, the rice, paddy and bean wholesaler in Thabaung Township of Ayeyawady Region, remarked that the demand of Hnanka rice is higher at domestic market in Thabaung Township.

In the Thabaung Township rice and paddy trading market, demand for Hnanka rice varieties has been strong since the first week of August this year, resulting in active trading. The increase in demand for Hnanka rice is attributed to rising purchases from the local market, according to reports.

"At present, demand for Hnanka rice has become stronger than for other rice varieties in the local market. Purchases have increased since around the first week of this month. The domestic market is also showing strong demand for Hnanka rice, leading to better trading conditions. Domestic purchases have increased as businesses related to the local coarse rice industry have resumed operations. As trading has improved, those who store rice and paddy are benefiting the most," said Daw Thuza Win.

In the Thabaung Township rice and paddy market, a 24-pyi bag of Hnanka rice is currently fetching up to Ks-92,000. The increased demand for this rice variety has created better business opportunities for rice and paddy storage operators, traders, freight vehicle operators, and cargo workers.

SK

More than 30,000 acres of groundnut cultivated in Budalin Township

BUDALIN September 22

According to the township Department of Agriculture, local farmers planted 32,238 acres of groundnut as monsoon crops in Budalin Township of Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, 35,000 acres of groundnut are targeted for cultivation in Budalin Township. Planting began in May this year, and 32,238 acres have been planted so far.

"This year, 35,000 acres of groundnut were targeted for cultivation in Budalin Township during the monsoon crop cultivation season, and 32,238 acres have already been planted. Efforts are also being made to ensure that the targeted acreage is fully cultivated. As an oilseed crop, groundnut is performing well, and groundnut cultivation has been increasing year by year," said U Phyo Wai, Head of the Budalin Township Agriculture Department.

In Budalin Township, about one and a half baskets of seed are required to cultivate one acre of groundnut. The total cost, including seed, labour, fertilizer and pesticide expenses, is more than Ks-200,000 per acre. An average yield of more than 50 baskets can be obtained from one acre.

This year, staff members from the Township Agriculture Department have been conducting field inspections of groundnut plantations to ensure healthy crop growth, prevent pest and disease outbreaks, and keep the fields free of weeds. They are also conducting field surveys and maintaining pest-monitoring records.

SMK

Pwintbyu Township sees completion of harvesting summer paddy plantations

PWINTBYU September 22

According to the township Agriculture Department, local farmers have harvested all plantations of summer paddy in Pwintbyu Township of Magway Region.

They planted 12,200 acres of summer paddy. Starting from June this year, they harvested the crops, and it yielded 104.06 baskets per acre of summer paddy.

"During the 2026 summer cropping season, Pwintbyu Township successfully cultivated 12,200 acres of summer paddy. At present, harvesting has been completed on 100 percent of the cultivated area. During the cultivation period, we provided farmers with the necessary agricultural technologies, high-quality certified seeds, and agricultural inputs to ensure they could grow the crop without difficulties and achieve good yields," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

The Pwintbyu Township Department of Agriculture also provided summer paddy farmers with agricultural extension services to improve grain quality and yields, raised awareness on pest prevention and control, and disseminated knowledge on preventing post-harvest losses by ensuring harvested paddy is promptly moved under shelter and properly stored.

Daw Moe Moe Wai further noted that increasing paddy productivity would not only ensure local food sufficiency but also create surplus production for export. She added that if production and market demand are brought into balance, commodity prices would become more stable and socio-economic conditions would improve. Therefore, efforts should be made to expand paddy cultivation wherever conditions are suitable.

SK

Sown acreage of pigeon pea expanded in Kani Township

KANI September 22

Local farmers expanded sown acreage of pigeon pea as monsoon crops in Kani Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon crop season, Kani Township has earmarked 30,805 acres for pigeon pea cultivation. Planting began in May this year, and 31,223 acres have been planted as of today.

"This year, 30,805 acres of pigeon pea were earmarked for cultivation in Kani Township during the monsoon crop season, and 31,223 acres have already been planted. At present, the cultivated acreage has exceeded the target. We are also providing support to ensure good yields from pigeon pea cultivation. Farmers grow pigeon pea both as a standalone crop and as an intercropped crop," said Daw Saw Thandar Nwe, Head of the Kani Township Agriculture Department.

This year, the Kani Township Agriculture Department is conducting field-based awareness activities for pigeon pea farmers on selecting and cultivating quality and pure seeds, following proper cultivation methods, preventing pest infestations and achieving good yields.

The Kani Township Agriculture Department is also disseminating techniques for combining urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax helps reduce cultivation costs, keep plants free from pests and diseases, and promote healthy plant growth.

SMK

FROM PAGE - 21

collective blood donation event held at the People's Hospital in Hakha, Chin State, this morning.

The incident occurred this morning during a collective blood donation event organized by members of the Myanmar Police Force at Hakha People's Hospital to commemorate the upcoming 62nd Myanmar Police Force Day on 1 October 2026. Approximately seven so-called CDF terrorists approached from the north of the hospital and inhumanely launched an unprovoked attack using heavy weapons and small arms. Following the attack, security personnel returned fire, causing the terrorists to retreat and flee towards the northeast.

Local residents have expressed profound disgust and strongly condemned the senseless and reckless act of terrorism targeting a public hospital premises that has no bearing on military operations. Security forces, in cooperation with responsible local residents, are conducting investigations to take decisive legal action against the perpetrators. Furthermore, required area security operations have been rein-forced to maintain regional stability and protect the lives, homes, and property of the people. **100**

Putin, Saudi Crown Prince discuss Persian Gulf Crisis - Kremlin



MOSCOW September 22

Russian President Vladimir Putin has held a phone call with Crown Prince and Prime Minister of Saudi Arabia Mohammed bin Salman Al Saud, the Kremlin said on Tuesday.

"A telephone conversation took place between Russian President Vladimir Putin and Crown Prince and Prime Minister of Saudi Arabia Mohammed bin Salman Al Saud," the statement read.

Putin and Al Saud expressed mutual satisfaction with the level of cooperation across the political, trade-economic, and humanitarian spheres, the Kremlin noted.

In addition, Putin and the Saudi Crown Prince discussed the situation in the Middle East, especially in the Persian Gulf, and emphasized the importance of ensuring safe passage for vessels through the Bab-el-Mandeb and the Strait of Hormuz, the Kremlin said.

"In connection with the degradation of the military-political situation in Yemen, the need was confirmed for the earliest possible cessation of hostilities and the creation of conditions for launching a constructive intra-Yemeni dialogue under UN auspices," the statement read.

Furthermore, Putin and Al Saud agreed to continue contacts at various levels, the Kremlin added.

Sputnik

Death toll rises to 6 following typhoon-induced downpours in Japan



TOKYO September 22

The death toll rose to six on Tuesday, with six others still missing, after heavy rain from a large typhoon battered the Kanto region in eastern Japan and triggered landslides and flooding a day earlier, local media reported.

Among the deaths, five were confirmed in Chiba Prefecture, east of Tokyo, including a man in his 50s who died after falling into a bamboo grove while operating heavy machinery to clear mud and debris from a landslide. The others were in their 70s and 80s, according to Kyodo News.

Another death was confirmed in Yokosuka, Kanagawa Prefecture, also near Tokyo, where a woman in her 60s died on Monday after a landslide struck her home and sent mud pouring into the house.

Police and firefighters are continuing to search for the missing people.

Typhoon Dujuan, which approached Japan's eastern Pacific coast on Monday and is now moving away, brought record rainfall to the Kanto region and the Izu Islands, triggering a series of landslides and river flooding.

Rainfall in Oshima Town in the Izu Island chain over the 48 hours to 8 p.m. local time on Monday reached 832 mm, more than 2.4 times the town's average rainfall for the entire month of September and the highest since records began, according to public broadcaster NHK. A top-level landslide warning was temporarily issued for the town on Monday.

The typhoon, coming in the middle of the country's Silver Week holidays, was particularly problematic for Chiba, where intense rain inundated houses and roads and temporarily cut off electricity to about 58,000 households early Tuesday, Kyodo News said.

The typhoon also disrupted transportation, forcing All Nippon Airways and Japan Airlines to cancel more than 270 flights, mainly those to and from Tokyo's Haneda airport, affecting about 40,000 people in total.

Xinhua

Two pilots killed in helicopter crash fighting wildfire in U.S. California

SACRAMENTO September 22

Two pilots were killed Sunday when a contract helicopter crashed while supporting firefighting operations on the Dome Fire, a wildfire in Yosemite National Park, California, the Alaska Division of Forestry and Fire Protection said Monday.

The crash occurred at about 2:55 p.m. local time (2155 GMT) in Mariposa County, with two people aboard, according to the agency.

The Federal Aviation Administration and the National Transportation Safety Board are investigating the crash.

The National Park Service said Monday that the Dome Fire was 15 percent contained. The fire, first reported September 15 near Chilnualna Falls in the Wawona area, has prompted some trail and backcountry closures, while the Yosemite park remains open.

Xinhua

Iran offers to reopen Strait of Hormuz – media

TEHRAN September 22

The Strait of Hormuz could reopen within seven days if the US eases military pressure and lifts its blockade of Iranian ports, according to media reports citing a senior Iranian official.

The strait is one of the world's most important energy routes, normally carrying around a fifth of global oil and liquefied natural gas shipments. Shipping has largely stopped since the US-Israeli war with Iran began in late February, disrupting supplies and driving energy prices higher.

Tehran has proposed that Washington declare its readiness to resolve the conflict through diplomacy and agree on a timeline for further steps, the official told Reuters on Tuesday. The proposal was conveyed to the US through mediators last week as world leaders gather in New York for the UN General Assembly.

The event is a "golden opportunity for the US to return to diplomacy," the official said, adding that the Iranian delegation had full authority to revive negotiations. US Secretary of State Marco Rubio told NBC that the administration was prepared to speak with Tehran if negotiations had the prospect of producing a positive outcome.

The official noted that there were no plans for Iranian President Masoud Pezeshkian and US President Donald Trump to meet directly at the General Assembly, although Trump signaled on Sunday that he would be open to such a meeting.

Iran has set broader conditions for ending the conflict. Supreme National Security Council Secretary Mohsen Rezaei said on Saturday that Tehran had conveyed seven demands to Washington through mediators, including an end to hostilities, the release of frozen Iranian assets, and the lifting of the naval blockade.

Previous attempts to halt the fighting have been fruitless. A memorandum of understanding agreed by the US and Iran in June was followed by renewed hostilities, while no face-to-face talks are known to have taken place since July.

US government data show that oil flows through Hormuz fell from 21.6 million barrels per day in the final quarter of 2025 to 4.9 million in the second quarter of this year. Tensions rose again this week after Trump said he was in "deciding mode" over Iran and weighing further military action, economic pressure, or a deal. Iran's Islamic Revolutionary Guard Corps responded by warning that another US attack would prompt Tehran to expand the scope of the conflict and use different weapons.

RT

Public Notice for Elimination of Violence


1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 61

be/get used to … (I'm used to …)

A Study this example situation:



Lisa is American, but she lives in Britain.
When she first drove a car in Britain, driving on the left was a problem for her because:

She **wasn't used to it**.
She **wasn't used to driving** on the left.
(because Americans drive on the right)

But after some time, driving on the left became easier.
She **got used to driving** on the left.

Now it's no problem for Lisa:
She **is used to driving** on the left.

B I'**m used to** something = it is not new or strange for me

You can say:

be **get**	**used to**	something or **doing** something

- Paul lives alone. He has lived alone for a long time, so it is not strange for him. He**'s used to it**.
  He **is used to living** alone.
- I bought some new shoes. They felt a little strange at first because **I wasn't used to them**.
- Our new apartment is on a busy street. I expect we'**ll get used to the noise**, but at the moment it's very disturbing.
- Helen has a new job. She has to get up much earlier now than before – at 6.30. She finds this difficult because she **isn't used to getting** up so early.
- Katherine's husband is oft en away from home. She doesn't mind this. She**'s used to him being** away.

C We say 'be/get used **to doing** something' (not I'm used to do).

- Lisa is used **to driving** on the left . (not is used to drive)
- I'm used **to living** alone. (not I'm used to live)

When we say '**I am used to** …' , **to** is a preposition:

- We're not used **to** **the noise.** / **it.** / **living here.** (not live here)

Compare **to** + infinitive (**to do**, **to live** etc.):

- We don't want **to live** here.

D Compare **I am used to doing** and **I used to do:**

I am used **to** (**doing**) something = it isn't strange or new for me:

- I'**m** used **to the weather** here.
- I'**m** used **to driving** on the left because I've lived in Britain a long time.

I **used to do** something = I did it regularly in the past but no longer do it. We use this only for the past (I **used** …), not for the present. See Unit 18.

- I **used to drive** to work every day, but these days I usually go by bike.
- We **used to live** just outside the town, but now we live near the centre.

used to (do) —— Unit 18 to + -ing —— Unit 60C

Raymond Murphy

မိသားစုများက နေ့စဉ်ဘဝဖြင့် ပေးဆပ်နေရသည့် အင်ဒိုနီးရှားတောမီးလောင်မှု



သတင်းမှတ်စု

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန် ဒေသတွင် တောမီးများပြင်းထန်စွာလောင်ကျွမ်းနေခြင်းကြောင့် သစ်တောများ၊ စိုက်ပျိုးမြေများ ပျက်စီးလာရုံသာမက မီးခိုးမြူများကြောင့်ပြည်သူများ၏ကျန်းမာရေး၊ ဝင်ငွေနှင့် နေ့စဉ်လူနေမှုဘဝများ အထိပင် ထိခိုက်လာနေသည်ကို တွေ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးနှင့် ကျန်းမာရေးအရဆုံးရှုံးမှုမှာ ရူပီးယား ၃၉ ဒသမ ၂၉ ထရီလီယံမှ ၁၂၃ ဒသမ ၁ ထရီလီယံအထိ ရှိနိုင်ကြောင်း Center of Economic and Law Studies (CELIOS) က ခန့်မှန်းထားသည်။

တောင်ကာလီမန်တန်ပြည်နယ် ဘန်ဂျာဘာရူးမြို့ရှိ လယ်သမား အဒီဆီဝိယိမိသားစုကြုံတွေ့နေရသောအဖြစ်အပျက်က ယင်းဆုံးရှုံးမှု၏ လူတစ်ဦးချင်းအဆင့် အကျိုးဆက်ကို ထင်ဟပ်ပြသနေသည်။ ဩဂုတ်လ ၂၇ ရက်တွင် မီးလောင်ကျွမ်းမှုက ၎င်း၏စတုရန်းမိတာ ၁၉၆၀ ရှိသော ဟင်းသီးဟင်းရွက်ခြံကို ဝင်ရောက်လောင်ကျွမ်းခဲ့ပြီး သုံးလခန့် အချိန်ယူပြင်ဆင်ထားရသည့် စိုက်ပျိုးမြေများနှင့် မကြာသေးမီက စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်များ ပျက်စီးခဲ့သည်။ ၎င်းက မြေကိုပြန်လည်ပြုပြင်ရန်နှင့် သီးနှံများအတွက် ကုန်ကျစရိတ်မှာ ရူပီးယား ၁၃ ဒသမ ၅ သန်းခန့်ရှိမည်ဟုခန့်မှန်းထားသည်။

မီးဘေး၏ သက်ရောက်မှုမှာ ခြံပျက်စီးမှုနှင့်သာမပြီးဆုံးပေ။ တောမီးမလောင်မီက မိသားစုလစဉ်ဝင်ငွေမှာရူပီးယား ၅ သန်းခန့်ရှိရာမှ ယခုအခါ ရူပီးယား ၃ သန်းနီးပါးသို့ ကျဆင်းသွားသည်။ တစ်ဖက်တွင် မီးခိုးမြူနှင့်အပူဒဏ်ကြောင့် ပန်ကာများကိုပိုမိုအသုံးပြုရသဖြင့် လျှပ်စစ်မီးကုန်ကျစရိတ်မြင့်တက်ရသလို မီးခိုးမြူကြောင့် ကလေးများချောင်းဆိုး၊ အအေးမိမှုများဖြစ်ပွားရသဖြင့် ဆေးဝါးကုန်ကျစရိတ်များလည်း ထပ်မံတိုးလာခဲ့သည်။ မူလတန်းကျောင်းများက အွန်လိုင်းမှတစ်ဆင့် ပြောင်းလဲသင်ကြားချိန်တွင် အင်တာနက်ဘေအတွက်လည်း အသုံးစရိတ်ထပ်ရှိလာပြန်သည်။

မီးခိုးမြူကြောင့် စွေးကွက်တွင် ဝယ်လိုအားနှင့်ရောင်းလိုအားတို့မှာ အခက်အခဲဖြစ်နေသည်။ ရာသီဥတုခြောက်သွေ့လာသဖြင့် ရေစုပ်စက်နှင့် လောင်စာဆီအသုံးပြုမှုများပြားကာ စိုက်ပျိုးစရိတ်မှာမြင့်တက်လာသည်။ ဟင်းသီးဟင်းရွက်စွေးနှုန်းများ မြင့်တက်သော်လည်း စားသုံးသူများက စွေးမြင့်လာမှုကို မလိုက်နိုင်သဖြင့် လယ်သမားများ၏ ဝင်ငွေမှာ ပြန်လည်တိုးတက်လာခြင်းမရှိဘဲ ကျဆင်းမြဲကျဆင်းနေရသည်။ အဒီဇ၏ဇနီး အက်စမာရာဝါတီက ဟင်းနုနယ်တစ်စည်းစွေးကို ရူပီးယား ၃၀၀၀ မှ ၆၀၀၀ သို့ နှစ်ဆမြှင့်တင်ရောင်းခဲ့သော်လည်း ဝယ်သူများလျော့နည်းသွားသဖြင့် တစ်နေ့တာ အသားတင်ဝင်ငွေ ရူပီးယား ၂၀၀၀ သို့မဟုတ် တစ်ခါတစ်ရံ ၅၀၀၀ အထိ ကျဆင်းသွားသည်။

ကျန်းမာရေးပိုင်းတွင်လည်း ထိခိုက်မှုများ မြင်တွေ့နေရသည်။ ယခု စက်တင်ဘာလ ၂၁ ရက်အထိ တောမီးလောင်ကျွမ်းမှုမှထွက်ရှိသော မီးခိုးမြူများကြောင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားသူဦးရေ ၁၇၀၀၀၀ ကျော်ရှိလာပြီဟု ကျန်းမာရေးတာဝန်ရှိသူတစ်ဦးကပြောသည်။ ထိုသူများအနက် ၄၀၀၀၀ ကျော်မှာ ကလေးငယ်များဖြစ်သည်။

ယခုနှစ်အင်ဒိုနီးရှားတောမီးများ ပြင်းထန်လာခြင်းမှာ အပူချိန်မြင့်တက်မှုနှင့် မိုးခေါင်ခြင်းကိုပိုမိုဆိုးရွားစေသည့် အပူချိန်အလွန်မြင့်မားသောရာသီဥတုဖြစ်စဉ်နှင့်လည်းဆက်စပ်နေသည်။ ဆူမားတြားနှင့် ကာလီမန်တန်တို့တွင် ဖြစ်ပွားနေသည့် တောမီးလောင်မှုများမှ မီးခိုးမြူများမှာ အိမ်နီးချင်း မလေးရှား၊ စင်ကာပူနှင့်ဖိလစ်ပိုင်နိုင်ငံတို့အထိပင် သက်ရောက်နေသည်။

အင်ဒိုနီးရှားတောမီးပြဿနာသည် သစ်တောများမီးလောင်ပျက်စီးခြင်းထက် ပိုမိုကျယ်ပြန့်သည့် လူမှုစီးပွားရေးပြဿနာတစ်ရပ်ဖြစ်လာနေသည်။ နိုင်ငံတစ်ဝန်း ဘီလီယံနှင့်ချီသော စီးပွားရေးဆုံးရှုံးမှုများဖြစ်ပေါ်နေချိန်တွင် လယ်သမားမိသားစုများအတွက်တော့ ဆုံးရှုံးမှုသည် စာရင်းဇယားများထဲမှ ကိန်းဂဏာန်းတစ်ခုမဟုတ်ဘဲ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်အနာဂတ်အသက်မွေးဝမ်းကျောင်းအထိ တိုက်ရိုက်ထိခိုက်စေသည့် နေ့စဉ်ဘဝ၏ဝန်ထုပ်ဝန်ပိုးအဖြစ်ရှိလာနေပြီဖြစ်သည်။

Ref: ST

ထက်မြတ်

ဂျပန်နိုင်ငံ ကန်တိုဒေသတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် လူခြောက်ဦးသေဆုံး

တိုကျို၊ သဘာဝဘေး

ဂျပန်နိုင်ငံအရှေ့ပိုင်း ကန်တိုဒေသကို တိုင်ဖွန်းဒူဂျွန်ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းမှု၊ မြေပြိုမှုနှင့် ရေကြီးမှုများဖြစ်ပွားခဲ့ရာ စက်တင်ဘာလ ၂၂ ရက်အထိ လူခြောက်ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြသည်။

သေဆုံးသူများအနက် ငါးဦးမှာ တိုကျိုမြို့အရှေ့ဘက် ချီဘာခရိုင်မှဖြစ်ပြီး အသက် ၅၀ ကျော်အရွယ် အမျိုးသားတစ်ဦးသည် မြေပြိုကျမှုကြောင့် ဖြစ်ပေါ်လာသည့် မြေစာများကိုရှင်းလင်းစဉ် ဝါးတောအတွင်း ပြုတ်ကျသေဆုံးခြင်းဖြစ်သည်။ ကျန်သေဆုံးသူများမှာ အသက် ၇၀ နှင့် ၈၀ ကျော်အရွယ်များဖြစ်သည်။ ကနာဂါဝါခရိုင် ယိုကိုဆူကာမြို့တွင်လည်း အသက် ၆၀ ကျော်အရွယ် အမျိုးသမီးတစ်ဦးသည် နေအိမ်အတွင်း မြေစာများဝင်ရောက်လာမှုကြောင့် သေဆုံးခဲ့သည်။ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များက ပျောက်ဆုံးနေသူများကိုရှာဖွေမှုလုပ်နေသည်။ မုန်တိုင်းကြောင့် စံချိန်တင်မိုးရေချိန်များရရှိပြီး အိုရိုးမားမြို့တွင် ၄၈ နာရီအတွင်း မိုးရေချိန် ၈၃၂ မီလီမီတာအထိ ရွာသွန်းကြောင်းသိရသည်။ **Ref: Xinhua**

တောင်ကိုရီးယားတွင် နှစ်စဉ်ကလေး ၄၀၀ နီးပါး ကုမ္ပဏီကိုယ်စားလှယ်များဖြစ်နေ



ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားနိုင်ငံ၌ အသက် ငါးနှစ်ပင်မပြည့်သေးသည့် ကလေးငယ်များအပါအဝင် နှစ်စဉ်ကလေး အယောက် ၄၀၀ နီးပါးသည် ကုမ္ပဏီကိုယ်စားလှယ်များအဖြစ် စာရင်းသွင်းမှတ်ပုံတင်ထားကြောင်း အမျိုးသားကျန်းမာရေးအာမခံဝန်ဆောင်မှုဌာန၏ စာရင်းဇယားများတွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ပျမ်းမျှအားဖြင့် ကလေးငယ် ၃၈၂ ဦးသည် စီးပွားရေးလုပ်ငန်းများ၏ ကိုယ်စားလှယ်များအဖြစ် မှတ်ပုံတင်ထားခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနက် ၂၁ ဦး၏နှစ်စဉ်လစာဝင်ငွေမှာ ဝမ်သန်း ၁၀၀ အထက်ကျော်လွန်ကြောင်း အာဏာရကိုရီးယားဒီမိုကရက်တစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် မွန်းကျင်ဆုကပြောသည်။

အထူးသဖြင့် ကလေးများကို ကုမ္ပဏီကိုယ်စားလှယ်များအဖြစ် မှတ်ပုံတင်ထားသည့်လုပ်ငန်းများမှာ အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်သော လုပ်ငန်းများဖြစ်နေကြောင်း၊ ယင်းအတွက်ကြောင့် မိသားစုပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် မိဘ၏ ဝင်ငွေများကို ကလေးများထံသို့ မသင့်မလျော်လွှဲပြောင်းပေးခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးသင့်ကြောင်း မွန်းကျင်ဆုကပြောသည်။

Ref: KH

ရုရှားလွှတ်တော်ရွေးကောက်ပွဲတွင် အာဏာရပါတီက မဲအများစုကိုရရှိထား

မော်စကို၊ နိုင်ငံရေး

ရုရှားနိုင်ငံ၌ ကျင်းပနေသည့် လွှတ်တော် ရွေးကောက်ပွဲတွင် လက်ရှိအချိန်အထိ မဲရေတွက်မှုများအရ အာဏာရပါတီဖြစ်သည့် United Russia ပါတီက မဲအများစုကိုရရှိထားကြောင်း ရွေးကောက်ပွဲကော်မရှင်၏ ကနဦးစာရင်းများအရသိရသည်။

စက်တင်ဘာလ ၂၁ ရက်နံနက်ပိုင်းအထိရရှိထားသည့် စာရင်းများအရ မဲဆန္ဒနယ် ၉၀ ရာခိုင်နှုန်းတွင် United Russia ပါတီက မဲအရေအတွက် ၅၈ ရာခိုင်နှုန်းရရှိထားခြင်း ဖြစ်ကြောင်းသိရသည်။

ရွေးကောက်ပွဲအတွက် မဲပေးမှုများကို စက်တင်ဘာလ ၁၈ ရက်တွင်စတင်ခြင်းဖြစ်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်က ကရင်မလင်နန်းတော်မှနေ၍ အွန်လိုင်းမှတစ်ဆင့်မဲပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယခုပြည်သူများက ရွေးချယ်လိုက်မည့် လွှတ်တော်အမတ်များသည် လာမည့်ငါးနှစ်စာအတွက် နိုင်ငံ၏ အနာဂတ်ကိုပုံဖော်ပေးမည့်သူများ ဖြစ်မည်ဖြစ်ကြောင်း၊ ထို့အတွက်



ကြောင့် မဲဆန္ဒရှင်တစ်ဦးစီ၏မဲတစ်ပြားစီက အရေးပါကြောင်းနှင့် နိုင်ငံသားများအနေဖြင့် ရွေးကောက်ပွဲ မဲပေးမှုတွင် မဖြစ်မနေပါဝင်ကြရန် တိုက်တွန်းကြောင်း ပူတင်ကပြည်သူများသို့ပြောသည့်မိနစ်ခွန်းတွင် ထည့်သွင်းပြောသည်ဟုသိရသည်။

Ref: RT

အမေရိကန်က ပိတ်ဆို့မှုရုပ်သိမ်းလျှင် အီရန်က ဟော်မုဇလက်ကြားကို ပြန်ဖွင့်ရန်အသင့်ရှိ

နယူးယောက်၊ သံတမန်ရေး

အမေရိကန်က စစ်ရေးဖိအားကိုလျှော့ချပြီး အီရန်၏ဆိပ်ကမ်းများအပေါ်ပိတ်ဆို့ထားမှုကို ရုပ်သိမ်းပါကဟော်မုဇလက်ကြားကို ခုနစ်ရက်အတွင်း ပြန်ဖွင့်နိုင်ကြောင်း အီရန်အကြီးတန်းအရာရှိတစ်ဦးက စက်တင်ဘာလ ၂၂ ရက်တွင်ပြောသည်။

ထို့ပြင် အမေရိကန်အနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့်ပြဿနာကို သံတမန်ရေးနည်းလမ်းဖြင့် ဖြေရှင်းလိုကြောင်း တရားဝင်ထုတ်ဖော်ပြောပြီး ဆွေးနွေးမှုများဆက်လက်ပြုလုပ်မည့် အချိန်ဇယားတစ်ရပ်ကိုသဘောတူရန် လိုကြောင်း အဆိုပါအရာရှိကပြောသည်။

အီရန်၏ အဆိုပြုချက်ကို စေ့စပ်ညှိနှိုင်းပေးသူများမှတစ်ဆင့် အမေရိကန်ထံသို့ပေးပို့ထားပြီး နှစ်နိုင်ငံကြား တိုက်ခိုက်မှုများရပ်တန့်ရေးဆိုင်ရာ သဘောတူညီချက်အသေးစိတ်ကို ကုလသမဂ္ဂအထွေထွေညီလာခံ၌ဆွေးနွေးနိုင်ကြောင်း သိရသည်။ **Ref: BP**

တူကီယဲရှိစာသင်ကျောင်းတစ်ခုမှာ ပစ်ခတ်မှုဖြစ်

အန်ကာရာ၊ ပစ်ခတ်မှု

တူကီယဲနိုင်ငံအနောက်ပိုင်း မာနီဆာပြည်နယ် တူဂတ်လူခရိုင်ရှိ အထက်တန်းကျောင်းတစ်ကျောင်းအပြင်ဘက်၌ စက်တင်ဘာလ ၂၂ ရက် နံနက် ၈ နာရီခန့်တွင် ကျောင်းသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ကျောင်းသား ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ ဒဏ်ရာရသူများအနက် နှစ်ဦးမှာ အခြေအနေပြင်းထန်ကြောင်း တူကီယဲတရားရေးဝန်ကြီးကပြောသည်။

ပစ်ခတ်မှုသည် တူဂတ်လူခရိုင်ရှိ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာအထက်တန်းကျောင်းအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်သူကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တာဝန်ရှိသူများကပြောသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပစ်ခတ်မှုဖြစ်သည့်အကြောင်းရင်းနှင့် သေနတ်ကို မည်သို့ရရှိခဲ့သည်ဆိုသည့်အချက်များကို ဆက်လက်စုံစမ်းစစ်ဆေးနေကြောင်းသိရသည်။ **Ref: BP**

လက်တွေ့အသုံးချ ဆေးနည်းတို(ဆေးမြီးတို)များ

ကြည်လွင်မြင့်(မုခြာ)

မေး။ နေပူရာကနေ မိုးအုံ၊ လေတိုက်၊ အေး လိုက်ပူလိုက်ဖြစ်ပြီး ခန္ဓာကိုယ်မှာ မိတ်ဖု တွေထွက်လာလို့ ညအိပ်မရအောင် ယားယံနေပါ တယ်။ ဘာဆေးလိမ်းရမယ်ဆိုတာကို ညွှန်ကြား ပေးပါဆရာ။

ဖြေ။ ခရေပန်းပွင့်အစိုကိုကြိတ်ပြီး သနပ်ခါးနဲ့ ရောလိမ်းပါ ဒါမှမဟုတ် ခရေပန်းပွင့်ခြောက်ကို သနပ်ခါးနဲ့ စပ်လိမ်းရင်လည်း မိတ်ကိုက်တာ (ခေါ်) မိတ်ယားတာကို ပြေပျောက်စေနိုင်ပါတယ်။

မေး။ နေပူထဲကနေပြန်လာပြီး ရေခဲရေသောက် လိုက်မိလို့ အသံဝင်သွားပါတယ်။ ဆေးနည်း လေးပြောပြပေးပါဆရာ။

ဖြေ။ ကွမ်းရွက်ကို ကတော့ပြုလုပ်ပြီး ဆားထည့် ထုပ်ပါ။ သံပြားပေါ်တင်ပြီး အောက်ကနေ မီးအပူပေးပြီး ပြာချလိုက်ပါ။ အဲဒီကွမ်းရွက်ဆားပြာကို သံပရာရည်နဲ့ဖျော်လျက်ပေးပါ။ အသံပြန်ထွက်လာပါလိမ့်မယ်။

မေး။ နေပူထဲထွက်ချိန်မှာ ရုတ်တရက်မိုးရွာချ လို့ မိုးမိလာရင် အိမ်ပြန်ရောက်တဲ့အခါ ဘာဆေးသောက်သင့်ပါသလဲဆရာ။

ဖြေ။ မိုးမိလာရင် အိမ်ပြန်ရောက်ပါက ရေထပ်မံ ချိုးသင့်ပါတယ်။ ရေမချိုးရင် အပူငုပ်သွားနိုင်ပါတယ်။ ရေမချိုးခင် ရေအေးတစ်ဖန်ခွက်သောက်ပြီးမှ ရေချိုးပါ။ ရှောက်သီးကိုစိတ်ပြီး အခွံပါ ရေနွေးမတ်ခွက်နဲ့စိမ်ပြီးအုပ်ထားပါ။ ရေချိုးပြီးရင် သောက်ပါ။ အအေးပတ်တာမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

မေး။ အပူလျှပ်တာကို ဘယ်လိုသိနိုင်ပါသလဲ။

ဖြေ။ တစ်ကိုယ်လုံးပူနေချိန်မှာ ချွေးမထွက်ရင် အပူလျှပ်ပြီး အပူငုပ်တာဖြစ်နိုင်ပါတယ်။ ဒီထက်ပိုပြီးပူလာလို့ သတိလစ်သွားရင် Heat Stroke (ခေါ်) အပူလျှပ်လို့ လေဖြတ်တာဖြစ်နိုင်ပါတယ်။

မေး။ ပူလို့ ပန်ကာဖွင့်အိပ်ရာကနေ ကလေးငယ် (တစ်နှစ် နှစ်လအရွယ်)မှာ နှာစေး နှာပိတ် ဖြစ်နေလို့ပါ။ သက်သာစေမယ့်ဆေးနည်းလေး ပြောပြပေးပါဆရာ။

ဖြေ။ ကွမ်းရွက်ကို မီးကင်ပြီး အရည်ညှစ်ယူပါ။ အဲဒီအရည်နဲ့ အုန်းဆီရောပြီး ကလေးရဲ့ ငယ်ထိပ်မှာလိမ်းပေးပါ။ အရမ်းနှာပိတ်ရင် ကလေးခြေဖဝါးမှာဆားပွတ်ပြီး ရေဖတ်တိုက်ပေးပါ။ အမြန်နှာပွင့်လာပါလိမ့်မယ်။

မေး။ ကဏန်းသေးသေးလေးတွေ သုပ်စားပြီး တော့ ကလေးတွေဝမ်းသွားပြီး အန်တဲ့အခါ ဘာဆေးသောက်ရမလဲခင်ဗျာ။

ဖြေ။ ရေနွေးဆူဆူမတ်ခွက်တစ်လုံးမှာ လက်ဖက် ခြောက်များများခတ်ပါ။ ချင်းပါးပါးလှီးပြီး ခုနစ်လွှာထည့်ပါ။ ဆားလှော်ဇွန်းငယ်တစ်ဇွန်းထည့် ဖျော်ပြီး ခဏအုပ်ထားပြီးနောက် အအေးခံတိုက်ပါ။

မေး။ ခြေထောက်မှာ အပူနာအလုံးကြီးပေါက်နေ လို့ ဘာလုပ်ရမလဲ။ အဲဒီအနာလုံးက မီးစနဲ့ ထိုးထားသလို ပူပါတယ်ဆရာ။ ဘာလိမ်းရမလဲ၊ ကျေးဇူးပြုပြီးပြောပြပေးပါဆရာ။

ဖြေ။ အနာမီးအနာလျှံဖြစ်နိုင်ပါတယ်။ သမံတလင်းမှာ မတ်တတ်ရပ်အလုပ်လုပ်၊ ညအိပ်ရာဝင် ခြေဆေးဘဲအိပ်တဲ့သူတွေမှာ ဖြစ်တတ်ပါတယ်။ မင်းကွတ်သီးအခွံသွေးလိမ်းပါ။ အနာမှည့်ရင် သက်ရင်းကြီးရွက်ကြိတ်အုံပါ။ သက်ရင်းကြီးရွက်မရရင်တော့ ကွမ်းရွက်မီးကင်ကပ်ပေးပါ။

မေး။ ဆရာရှင့် သမီးမသိလို့ မေးပါရစေ။ သမီး က ရှားစောင်းလက်ပပ်ချက်ဆေးကြိုက်လို့ နေ့တိုင်းဝယ်စားဖြစ်ပါတယ်။ ရှားစောင်းလက်ပပ်က ဘယ်လိုကောင်းကျိုး၊ ဆိုးကျိုးတွေပေးနိုင်ပါသလဲ ရှင့်။ နေ့တိုင်းစားသင့်ပါသလား။

ဖြေ။ ရှားစောင်းလက်ပပ်က လေသက်စေတဲ့ ဓာတ်စာပါ။ အခါးဟူသမျှ လေဓာတ်ကြွေ၏တဲ့။ အခါးစားရင် ခံတွင်းကောင်းစေပါတယ်။ တမာအခါးကတော့ ခံတွင်းထဲကပိုးကိုသေစေပါတယ်။ အခါးစားတာ ဆီးချိုကိုကာကွယ်တဲ့ ကောင်းကျိုးလည်းရှိပါတယ်။ တစ်နေ့တည်းမှာ လေစာနှစ်မျိုးတွဲမစားသင့်ပါဘူး။ အခန့်မသင့်ရင် လေဖြတ်၊ ဦးနှောက်သွေးကြောပြတ်သူတွေရှိဖူးပါတယ်။ ကြက်ဟင်းခါးသီးနဲ့ ဝက်သား (လေစာ) တွဲစားမိတာ၊ ခွေးတောက်ရွက်ဟင်းရည်နဲ့ ကြောင်လျှာသီးတွဲစားမိတာ၊ မျှစ်ချဉ်နဲ့ဝက်သားကို မနက်စာစားပြီး ညစာမှာ ကြက်ဟင်းခါးသီးချက်ထပ်စားပြီး မူးလဲကျသေဆုံးတာတွေ့ဖူးလို့ လေစာနှစ်မျိုးဆင့်မစားမိဖို့ လူကြီးတွေကို သတိပေးရပါတယ်။ လူငယ်တွေက ခံနိုင်ရည်ရှိသေးတော့ ဖြစ်ခဲပေမယ့် မဖြစ်နိုင်ဘူးလို့တော့ မဆိုလိုပါဘူး။ အခါးနှစ်မျိုးတွဲမစားမိဖို့ သတိရှိပါ။

မေး။ အမျိုးသမီးတွေ သားအိမ်မျိုးဥနဲ့ပတ်သက် တဲ့ ရောဂါတွေမဖြစ်အောင် ဘယ်လိုမျိုး နေထိုင်စားသောက်သင့်ပါသလဲရှင့်။

ဖြေ။ ထမင်းစားပြီး အထိုင်များတာ၊ ကြမ်းပြင်မှာ ခေါက်ထိုင်တာ၊ ဝမ်းတွင်းသား ကလီစာ အစားများတာ၊ လေ့ကျင့်ခန်းမလုပ်တာ၊ လမ်းလျှောက်နည်းတာတို့ကြောင့် ရေအိတ်ဖြစ်တတ်ပါတယ်။ ထမင်းစားပြီး ရေချိုးရင်လည်း ရောင်တတ်ပါတယ်။ အထပ်မြင့်လေ့ကားအဆင်း၊ အတက်များရင်လည်း သားအိမ်လျှောတတ်ပါတယ်။ သားအိမ်အတွက် ကောင်းစေတာကတော့ ကြက်သွန်နီနဲ့ ရှောက်သီးအရည်ပါ၊ လွယ်လွယ်နဲ့ထိရောက်ပါတယ်။ ကြက်သွန်နီကို လတ်လတ်ဆတ်ဆတ် ပါးပါးလှီးပြီး ရေသင့်ရုံဆေးပါ။ ပြီးရင် ရှောက်ရည်ညှစ်ပြီး နေ့စဉ်စားပေးပါ။ ဆေးပင်အနေနဲ့ကတော့ ကြိတ်မှန်ပင်ပါ။ သားအိမ်အားကောင်းပြီး မီးယပ်ရောဂါတွေ ပျောက်ကင်းစေပါတယ်။ သားအိမ်ရောင်ရင် မီးယပ်ခေါင်းကိုက်ရောဂါဖြစ်တတ်ပါတယ်။ သားအိမ်ကိုက်၊ အသားကွက်၊ မီးယပ်ကွက်ရောဂါတွေပါပျောက်တဲ့ ဆေးနည်းကို ပေးပို့မယ်။

မီးယပ်အားတိုးဆေး

၁။ ကြိတ်မှန်ပင် (ပဉ္စင်းပါး) ၂၅ ကျပ်သား
၂။ ကြက်သွန်နီ (ဥသေး) ၁၀ ကျပ်သား
၃။ ရှောက်သီး (အလုံးကြီး) တစ်လုံး
၄။ ထန်းလျက် (အမည်း) ၁၀ ကျပ်သား
၅။ စမုန်မျိုးငါးပါး ၂ ကျပ်ခွဲသား
၆။ ဆားလှော် ၁ ကျပ်သား

အထက်ပါ ဆေးအမည်များကို အိုးတစ်လုံးတွင် ရေသင့်ရုံထည့်ပြီး ယိုထိုးသလို မီးမျှဉ်းမျှဉ်းနဲ့ ပျစ်အောင်ကျိုပါ။ ဖန်ပုလင်းအဝကျယ်မှာ ထည့်ထားပြီး အပေါ်ကနေ နှမ်းဆီအနည်းငယ်အုပ်ထားပါ။ မကြာခဏ နေရောင်ခြည်ပြပေးပါ။ ဟင်းစားဇွန်းတစ်ဇွန်း မနက်၊ ည တစ်နေ့ နှစ်ကြိမ်စားပေးပါ။ မီးယပ်ရောဂါ၊ သားအိမ်ရောဂါတွေအတွက် ကောင်းပါတယ်။

မေး။ ဓာတ်ဘူးထဲမှာ ညသိပ်ထားတဲ့ရေနွေးကို မနက်မှာသောက်ပါတယ်။ စာထဲမှာ အန္တရာယ်ရှိတယ်ဖတ်ရလို့ ဖြေပေးပါဦးဆရာ။

ဖြေ။ အဲဒီလိုသောက်တဲ့ အမျိုးသမီးတစ်ယောက် ဆေးခန်းလာပြပါတယ်။ အဆစ်တွေကိုက်ပြီး နှစ်နှစ်ခန့်အကြာမှာ အဆစ်တွေရောင်လာလို့ ဘန်ကောက်မှာသွားကုတော့ လေးဖက်နာတစ်မျိုးလို့ ပြောပါတယ်။ ရေနွေးညသိပ်ကတော့ အစာအိမ်ကို ကမောက်ကမဖြစ်စေလို့ အဆိပ်နဲ့တူတယ်လို့ တင်စားပြောတာပါ။ ယောအတွင်းဝန် ဦးဖိုးလှိုင်ရဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာဖော်ပြထားပါတယ်။

မေး။ ခြေဖဝါးမှာပေါက်တဲ့ ငါးမျက်စိပျောက်တဲ့ ဆေးနည်းလေးပြောပြပေးပါဆရာ။

ဖြေ။ ဖီးကြမ်းငှက်ပျောခွံကို ငါးမျက်စိနဲ့အရွယ်တူ ဖြတ်ပြီး အသားဘက်က စွဲမြဲအောင် ပလတ်စတာနဲ့ကပ်ထားပါ။ ရေချိုးရင် အသစ်လဲကပ်ပါ။ သုံးရက်ကနေ တစ်ပတ်ကြာရင် ကျွတ်ထွက်ပြီး ပျောက်ပါတယ်။

မေး။ ဆရာ နန္တင်းခါးနဲ့ပျားရည်တေပြီး လုံးစား ရင် ဘာရောဂါတွေပျောက်ပါသလဲရှင့်။

ဖြေ။ အစာအိမ်၊ သွေးတိုး၊ နှလုံး၊ လေငန်းရောဂါတွေကောင်းတယ်ဆိုပြီး ပျားရည်နဲ့တေဆေးလုံးလုပ်ပြီးစားကြပါတယ်။ တကယ်တော့ မသေချာပါဘူး။ ဘယ်လိုအစာအိမ်ရောဂါမျိုးအတွက် ကောင်းသလဲ။ နှလုံးရောဂါအမျိုးမျိုးရှိတယ်။ ဘယ်လို နှလုံးရောဂါမျိုးအတွက်ကောင်းတာလဲ။ သွေးတိုးရောဂါ ဘယ်လောက်ကြာကြာထိန်းနိုင်သလဲ။ မသေချာပါ။ နန္တင်းခါးဆေးလုံးစားပြီး ဆံပင်တွေကျိုးတိုးကျဲတဲဖြူကုန်တဲ့သူ တွေ့ဖူးပါတယ်။ မတည့်ရင် ခံရတတ်ပါတယ်။ ဆရာတွေတောင် သတိထားကိုင်တွယ်ရပါတယ်။ ရေရှည်ပေးသင့်၊ မပေးသင့်၊ လူနာအပိန်၊ အဝနဲ့ ရောဂါကြည့်ဆုံးဖြတ်ရပါတယ်။ အားတိုးဆေးမဟုတ်၊ ကုသဆေးဖြစ်လို့ သတိထားသုံးစွဲသင့်ပါတယ်။

ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်နှစ်နှစ်အောက်ကလေးများနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲကျင်းပ



သာပေါင်း စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်နှစ်နှစ်အောက် ကလေးများနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၁ ရက်က နံနံပင်ကုန်းကျေးရွာ မဟာစည်သာသနာ့ရိပ်သာ နန္ဒဝန်ကျောင်းတိုက်သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှတင်က လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ သန္ဓေသားဘဝမှ ကလေးအသက် နှစ်နှစ်အောက် (ပထမရက်တစ်ထောင်) ကာလအတွင်း အာဟာရလုံလောက်စွာရရှိမှု ဥဏ္ဍာရည်ဖွံ့ဖြိုးပြီး ခန္ဓာကိုယ်ကြီးထွားသန်မာမည်ဖြစ်၍ ကလေးငယ်များအား အာဟာရအုပ်စုသုံးမျိုး မျှတပါဝင်စွာကျွေးမွေးရန် အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြိုးအိကျော်က MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်လျှောက်ထားလိုသော ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးများသို့ ဆက်သွယ် လျှောက်ထားကြရမည်ဖြစ်ပြီး လျှောက်ထားလိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်၊ မိခင်နှင့် ကလေး ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းစာအုပ်နှင့် ကိုယ်ဝန်ဆောင်အဖြစ် သိသာထင်ရှားသည့် ကိုယ်တစ်ပိုင်းဓာတ်ပုံ ပူးတွဲဖော်ပြလျှောက်ထားရမည်ဖြစ်ကြောင်း တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးများ အာဟာရပြည့်ဝစေမည့် နွားနို့၊ ဆန်ပြုတ်နှင့် ပေါင်မုန့်တို့ကို ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

သိန်းမြင့်မျိုးဦး (ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေး

ကျုံပျော် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်းရဲကျွန်းကျေးရွာအုပ်စု အိုင်ဒေါင့်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာလ ၂၁ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စုစန္ဒာဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများထံ စီမံကိန်းရန်ပုံငွေ ငွေကျပ် သန်း ၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အိုင်ဒေါင့်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၀၁ ဦး အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သန်း ၃၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။ **ချိုလေး**

ကျောင်းသား၊ ကျောင်းသူများ၏ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲကျင်းပ

မုဒုံ စက်တင်ဘာ ၂၂

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ (၂)ရပ်ကွက်ရှိ လေးထပ်သာသနာ့ဗိမာန်တော်ကြီး၌ ပညာရေးမိသားစု၏ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲကို စက်တင်ဘာလ ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌဂျုံးဂျုံးကျော်ရဲ့ အခြေခံပညာကျောင်းများမှ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ဝတ်ရွတ်အသင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

ရာမည (ပြန်/ဆက်)



ကော်နီ၏ Colourful Connie 2.0 တေးဂီတ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို အောက်တိုဘာလတွင် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

အဆိုတော်ကော်နီ၏ Colourful Connie 2.0 တေးဂီတ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကော်နီ၏ တေးဂီတဖျော်ဖြေပွဲတွင် ဂီတနယ်ပယ်မှထင်ရှားကျော်ကြားသော တေးသံရှင်များဖြစ်သည့် ရင်ဂို၊ မျိုးကျော့မြိုင်၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ ဖြူးပြည့်စုံ၊ အောင်ထက်၊ Vitamin နှင့် Project K၊ စုံတွဲအဆိုဖျော်ဖြေမှုများအနေဖြင့် မိုးစျာန်၊ ပြည့်ဘုန်းမော်၊ အံ့ဦးအိမ်၊ သျှတရနှင့် တခြားနာမည်ကြီးအဆိုတော်များ ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

"အောင်မြင်မှုသက်တမ်း နှစ် ၄၀ ကျော်အနေနဲ့ Colourful Connie 2.0 One Lady Show ကျင်းပမှာပါ။ ဒီပွဲမှာပါဝင်တဲ့ တစ်ယောက်ချင်းစီတိုင်းက မကော်ကို မေတ္တာနဲ့ ကူညီတာပါ။ Colourful Connie ကို Colourful Connie 2.0 ဗားရှင်းမြှင့်လိုက်တာပါ။ အမေလည်း သက်ရှိထင်ရှားရှိနေတုန်း၊ အသက်အရွယ်သက်တမ်းတစ်ခုအရ သီချင်းလေးဆိုနိုင်တုန်းမှာ ဒီပွဲကိုလုပ်ဖြစ်တာပါ" ဟု တေးသံရှင်ကော်နီကပြောသည်။

ခင်မောင်တင်

ငပုတောမြို့နယ်မှထွက်ရှိသည့် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ

ငပုတော စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှထွက်ရှိသည့် နေလှန်းဆားများ ဝယ်လိုအားကောင်းမွန်နေသောကြောင့် တစ်ရက်လျှင် ပိသာချိန်အများအပြား အရောင်းအဝယ်ဖြစ်နေကြောင်း ငပုတောမြို့နယ်၌ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးမြတ်၏ ပြောပြချက်အရ သိရသည်။

ငပုတောမြို့နယ်၌ စက်တင်ဘာလဒုတိယပတ်မှစ၍ နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"မိုးရာသီမှာ ရေထွက်ကုန်ပေါများစွာရရှိပြီး ငါးပိ၊ ငါးခြောက် ပြုလုပ်ချိန်ဆိုတော့ ငပုတောဒေသထွက် နေလှန်းဆားအရောင်းအဝယ်ကောင်းလာပါတယ်။ တစ်ရက်ကို နေလှန်းဆား ပိသာ ၃၅၀၀ ကနေ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်" ဟု ဒေါ်အေးမြတ်ကပြောသည်။



နေလှန်းဆားကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုပြီး ငပုတောမြို့နယ်မှ ထွက်ရှိသည့် နေလှန်းဆားများကို ဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်တကျထုတ်လုပ်၍ ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွမ်းကျင်လုပ်သားများပေါ်ပေါက်လာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၂၁ ရက်က ကမာစိန်ကျေးရွာ၌ ကျင်းပသည်။

ရွေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားနိုင်က သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် သင်တန်းပြီးဆုံးအောင် တက်ရောက်ကြသည့် သင်တန်းသူများကို အလုပ်အကိုင်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အရင်းအနှီးများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားနိုင်က သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို ကမာစိန်ကျေးရွာမှ သင်တန်းသူများ တက်ရောက်ကြပြီး အခြေခံစက်ချုပ်နည်းပညာအမျိုးမျိုးကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်နည်းပြများက ၄၅ ရက်ကြာ သင်ကြားပေးခြင်းဖြစ်ပြီး လုပ်ငန်းထူထောင်မည့် ထူးချွန်သူများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများမှ ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

မြို့နယ်ပညာရေးမှူးဖလား ဘောလုံးအားကစားပြိုင်ပွဲဖွင့်



ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၏ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား(မူလတန်းအဆင့်) ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၁ ရက်က လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ရွေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက နိုင်ငံတော်အလံအား အလေးပြုကြပြီး အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြကာ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက ကျောင်းသား၊ ကျောင်းသူအားကစားသမားများကို အားပေးဂုဏ်ပြုစကားများ ပြောကြားကြသည်။

ထို့နောက် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတို့မှကျောင်းသား၊ ကျောင်းသူများက ဘင်ခရာတီး၍ ဖျော်ဖြေခြင်း၊ Fitness Dance များဖြင့် ဖျော်ဖြေခြင်းနှင့် မြန်မာ့ကျောင်းသားသမဂ္ဂချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးမင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်၊ အဆိုပါမြို့နယ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

ရန်ကင်း

ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ်သိန်း နှစ်သောင်းကျော် ထုတ်ချေးပြီးစီး

ငဖေ စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖေမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ရာ လက်ရှိတွင် ပင်ဦးကျေးရွာအုပ်စုကို ထုတ်ချေးပေးခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေ စုစုပေါင်း ငွေကျပ် သိန်းနှစ်သောင်း ကျော်ကို အပြီးသတ်ထုတ်ချေးပေးပြီးဖြစ်သည်။

ငဖေမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် တောင်သူများအား စိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရေးနှင့် သီးနှံများအချိန်မီစိုက်ပျိုးနိုင်ပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးရည်ရွယ်၍ စိုက်ပျိုးစရိတ်ချေးငွေများ နှစ်စဉ် ထုတ်ချေးပေးလျက်ရှိသည်။

ငဖေမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို ကျေးရွာအုပ်စု ၂၂ အုပ်စုအတွက် ချေးငွေ ငွေကျပ် ၂၄၇၂၅ သိန်းကို ထုတ်ချေးပေးရန် လျာထားပြီး လက်ရှိအချိန်ထိ စပါးတစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်း၊ တခြားသီးနှံတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ကျေးရွာအုပ်စု ၂၂ အုပ်စုမှ တောင်သူ ၂၀၁၁ ဦး၏ မိုးစပါးဧက ၃၉၂၀ နှင့် တခြားသီးနှံ ၉၁၀၆ ဧက စုစုပေါင်း စိုက်ဧက ၁၃၀၂၆ ဧကအတွက် ငွေကျပ် ၂၄၇၂၅ သိန်းကို အပြီးသတ် ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မယု(ငဖေ)

ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် အင်္ဂလန်အသင်း ကစားသမားစာရင်းမှ ကိုးလ်ပယ်မာ နုတ်ထွက်



လန်ဒန် စက်တင်ဘာ ၂၂

ချယ်လ်ဆီးအသင်းကစားသမား ကိုးလ်ပယ်မာသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် အင်္ဂလန်အသင်းကစားသမားစာရင်းတွင် ရွေးချယ်ခံထားရသော်လည်း ကြွက်သားဒဏ်ရာကြောင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ကြောင်းသိရသည်။

ကိုးလ်ပယ်မာသည် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အင်္ဂလန်အသင်းတွင် ရွေးချယ်ခံရခြင်းမရှိဘဲ ယခုဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် အင်္ဂလန်အသင်းကစားသမားစာရင်းတွင် နည်းပြတူချယ်ကပြန်လည်ရွေးချယ်ခဲ့သော်လည်း ကိုးလ်ပယ်မာက ဒဏ်ရာရရှိခဲ့မှုကြောင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ကိုးလ်ပယ်မာသည် ပရီးမီးယားလိဂ်ပွဲစဉ်(၅)အဖြစ် ချယ်လ်ဆီးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းပွဲစဉ်တွင် ပါဝင်ကစားခဲ့သော်လည်း ချယ်လ်ဆီးအသင်းက ကိုးလ်ပယ်မာအနေဖြင့် ကြံ့ခိုင်မှုပိုင်း လိုအပ်ချက်များရှိနေသည်ဟု သတင်းထုတ်ပြန်ပြီးနောက် ကိုးလ်ပယ်မာက အင်္ဂလန်အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano

ပွဲဦးထွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ငါးပွဲဆက်အနိုင်ရရှိခဲ့သည့် ခြောက်ဦးမြောက်နည်းပြ အဖြစ် မန်စီးတီးအသင်းနည်းပြ မာရက်စ်ကာရပ်တည်

မန်ချက်စတာ စက်တင်ဘာ ၂၂

နည်းပြ မာရက်စ်ကာသည် မန်စီးတီးအသင်းနှင့်အတူ ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ငါးပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ပွဲဦးထွက်ရာသီအစ ငါးပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် ခြောက်ဦးမြောက် နည်းပြအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

နည်းပြ မာရက်စ်ကာသည် ယခုဘောလုံးရာသီတွင် မန်စီးတီးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့်အတူ ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ပေးနိုင်ကာ ပရီးမီးယားလိဂ် ငါးပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြမာရက်စ်ကာမတိုင်မီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲဦးထွက် ငါးပွဲနှင့်အထက်နိုင်ပွဲရယူနိုင်ခဲ့သည့် နည်းပြများအဖြစ် ၂၀၀၉ ခုနှစ်က ချယ်လ်ဆီးအသင်းနည်းပြဟောင်း အန်ဆယ်လော့တီ၊ ၂၀၁၆ ခုနှစ်က မန်စီးတီးအသင်းနည်းပြဟောင်း ဂွါဒီယိုလာ၊ ၂၀၁၇ ခုနှစ်က လက်စတာအသင်းနည်းပြဟောင်း ရှာတ်စပဲယား၊ ၂၀၁၈ ခုနှစ်က ချယ်လ်ဆီးအသင်းနည်းပြဟောင်း ဆာရီ၊ ၂၀၁၈ ခုနှစ်က မန်ယူအသင်းနည်းပြဟောင်း ဆိုးရှားလ်တို့က ရပ်တည်ခဲ့ကြပြီးနောက်ပိုင်း နည်းပြ မာရက်စ်ကာက ခြောက်ဦးမြောက် နည်းပြအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် နည်းပြမာရက်စ်ကာလက်အောက်တွင် ရာသီအစ အဖွင့်ပွဲစဉ်ဖြစ်သည့် ကွန်မြူနတီဒိုင်းပွဲစဉ်တွင် အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိကာ ပြိုင်ပွဲစုံ ခုနစ်ပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ငါးပွဲကစားပြီးချိန်တွင် ငါးပွဲစလုံး ရာနှုန်းပြည့်နိုင်ပွဲရယူနိုင်ပြီးနောက် ရမှတ် ၁၅ မှတ်ဖြင့် နိုင်ငံတကာပြိုင်ပွဲကာလ မတိုင်မီ အမှတ်ပေးဇယားအဆင့်(၂)နေရာမှ အာဆင်နယ်အသင်းကို ရမှတ်သုံးမှတ်ဖြတ်တောက်ပြီး ဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

Ref;365Scores



SP Open အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ဒါဘရိုစကီးနှင့် စတီဖန်နီအတွဲ ချန်ပီယံဆုဆွတ်ခူး



ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၂

ဘရာဇီးနိုင်ငံ ဆာပေါလိုမြို့၌ စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် SP open(Sao Paulo Open) အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ကနေဒါတင်းနစ်မယ် ဒါဘရိုစကီးနှင့် အိမ်ရှင်ဘရာဇီးတင်းနစ်မယ် စတီဖန်နီတို့အတွဲက အမေရိကန်တင်းနစ်မယ်များဖြစ်ကြသည့် ရော်ဂျာနှင့် ဇာမာရီပါတို့အတွဲကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် လက်ရည်ကွာခြားမှုမရှိဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲကစားချိန် တစ်နာရီခွဲကျော် ကြာမြင့်ခဲ့သည်။

အဆိုပါပွဲစဉ်၌ ပထမပွဲငယ်တွင် ဒါဘရိုစကီးနှင့် စတီဖန်နီတို့အတွဲက ဖိအားပေးကစားနိုင်ခဲ့ကာ (၆-၃)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ရော်ဂျာနှင့် ဇာမာရီပါတို့အတွဲက အကောင်းဆုံးပုံစံပြန်လည်ပြသနိုင်ကာ (၃-၆)ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည့်အတွက် နောက်ဆုံးအဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ကစားခဲ့ရခြင်းဖြစ်သည်။

နောက်ဆုံး အဆုံးအဖြတ်ပွဲစဉ်တွင်လည်း လက်ရည်ကွာခြားမှုမရှိဘဲ အပြန်အလှန် ဖိအားပေးမှုများရှိခဲ့သော်လည်း ဒါဘရိုစကီးနှင့် စတီဖန်နီအတွဲက (၁၀-၇) ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;WTA

Davis Cup Final တင်းနစ်ပြိုင်ပွဲသို့ စပိန်အသင်း၊ ဖြိတိန်အသင်း၊ ဂျာမနီအသင်းတို့ တက်ရောက်နိုင်

ရောမ စက်တင်ဘာ ၂၂

အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့၌ ကျင်းပမည့် Davis Cup Final တင်းနစ်ပြိုင်ပွဲသို့ စပိန်အသင်း၊ ဖြိတိန်အသင်းနှင့် ဂျာမနီအသင်းတို့ ထပ်မံဝင်ခွင့်ရရှိခဲ့သည်။

Davis Cup Final တင်းနစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းရှစ်သင်းဖြင့် အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့၌ နိုဝင်ဘာလ ၂၄ ရက်မှ ၂၉ ရက်အထိကျင်းပမည်ဖြစ်သည်။

Davis Cup Final တင်းနစ်ပြိုင်ပွဲဝင်ခွင့် အတွက် Play-off အဆင့်ပွဲစဉ်များတွင် စပိန်အသင်းက ချီလီအသင်းကို လေးပွဲပြတ်၊ ဖြိတိန်အသင်းက အီကွေဒေါအသင်းကို လေးပွဲပြတ်၊ ဂျာမနီအသင်းက ခရိုအေးရှားအသင်းကို ၃ ပွဲ-၁ ပွဲဖြင့် အသီးသီး အနိုင်ရရှိပြီးနောက် ပြိုင်ပွဲကိုဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

Davis Cup Final တင်းနစ်ပြိုင်ပွဲတွင် အိမ်ရှင် အီတလီအသင်းနှင့်အတူ Play-off အဆင့်မှ တက်ရောက်လာခဲ့ကြသည့် တောင်ကိုရီးယားအသင်း၊ ဩစတြီးယားအသင်း၊ ချက်အသင်း၊ ကနေဒါအသင်း၊ စပိန်အသင်း၊ ဖြိတိန်အသင်းနှင့် ဂျာမနီအသင်းတို့ ကစားမည်ဖြစ်သည်။

Davis Cup Final တင်းနစ်ပြိုင်ပွဲကို ၁၉၀၀ ပြည့်နှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံအသင်းလိုက်ပြိုင်ပွဲတစ်ခုဖြစ်ကာ ကမ္ဘာတစ်ဝန်းမှ နိုင်ငံအလိုက်အသင်းပေါင်း ၁၅၀ ပါဝင်ခဲ့သော်လည်း Play-off အဆင့်ပွဲစဉ်များ ကစားခဲ့ပြီးနောက် နောက်ဆုံးအဆင့်တွင် အိမ်ရှင်အသင်းနှင့်အတူ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် Davis Cup Final တင်းနစ်ပြိုင်ပွဲတွင် အီတလီအသင်းက ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီး ယခုပြိုင်ပွဲတွင် အိမ်ရှင်အသင်းအဖြစ် ပါဝင်ကစားမည်ဖြစ်သည်။

Davis Cup Final တင်းနစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် အမေရိကန်အသင်းက ချန်ပီယံဆု ၃၂ ကြိမ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်နေပြီး ဩစတြီးယားအသင်းက ၂၈ ကြိမ်ဖြင့်လည်းကောင်း၊ ပြင်သစ်အသင်းနှင့် ဖြိတိန်အသင်းတို့က ၁၀ ကြိမ်စီဖြင့်လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ခုနှစ်နှင့် ၂၀၂၅ခုနှစ်ပြိုင်ပွဲတို့တွင် အီတလီအသင်းက ချန်ပီယံဆုဖလားကို သုံးကြိမ်ဆက်ဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင်လည်း ရေပန်းအစားဆုံးအသင်းဖြစ်သည်။

Ref;Davis Cup

အက်သလက်တီကိုအသင်းမှ လီကန်အင်ကို တိုက်ရိုက်အနီကတ်ပြသင့်ဟု CTA ထုတ်ပြန်

မက်ဒရစ် စက်တင်ဘာ ၂၂

စပိန်ဒိုင်လူကြီးနည်းပညာ ကော်မတီ (CTA)က အက်သလက်တီကိုအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ဗယ်လ်ဗာဒီကို ကြမ်းတမ်းစွာကစားခဲ့သည့် အက်သလက်တီကိုအသင်းမှ လီကန်အင်အား တိုက်ရိုက်အနီကတ်ပြသင့်သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါပွဲစဉ်တွင် လီကန်အင်အနေဖြင့် ဗယ်လ်ဗာဒီကို ခြေချင်းဝတ်ကျိုးစေနိုင်သည်အထိ ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့ခြင်းကြောင့် ဒဏ်ရာရရှိခဲ့ပြီး မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးဘဲ ကနဦးဆေးစစ်မှုများ လုပ်ဆောင်လျက်ရှိသည်။

အဆိုပါဖြစ်ရပ်တွင် ကွင်းလယ်ဒိုင်လူကြီးက လီကန်အင်ကို အဝါကတ်ပင် ပြခဲ့ခြင်းမရှိသည့်အပြင် VAR ဒိုင်လူကြီးများကလည်း စစ်ဆေးမှုများမလုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

စပိန်ဒိုင်လူကြီး နည်းပညာကော်မတီ (CTA) က လီကန်အင်ရဲ့ဖြစ်ရပ်က တိုက်ရိုက်အနီကတ်ပြရမည်ဖြစ်ပြီး အဆိုပါဆုံးဖြတ်ချက်သည် ပွဲစဉ်အတွင်း ဒိုင်လူကြီးများ၏ အမှားအယွင်းများမှ တစ်ခုဖြစ်သော်လည်း ဒိုင်လူကြီးများအနေဖြင့် ပိုမိုတိကျစွာ ဆုံးဖြတ်သင့်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကြော်ငြာစာအမှတ်(၁/၂၀၂၆)
(၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလို ရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈

ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉

မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈



မွေးသက္ကရာဇ်အမှုန်

လားရှိုးမြို့၊ လင်းရောင်ဖြာကိုယ်ပိုင်ကျောင်းတွင် Grade-12 တက်နေသော အဘ ဦးလွမ်းဇောင်း အမိ ဒေါ်ဇယ်ယန်း၏သမီး မဇောင်းနန်း၏မွေးသက္ကရာဇ် အမှုန်မှာ ၂၉-၃-၂၀၀၈ ဖြစ်ပါကြောင်း။

၂၉-၃-၂၀၀၈

မွေးသက္ကရာဇ်အမှုန်

လားရှိုးမြို့၊ လင်းရောင်ဖြာကိုယ်ပိုင်ကျောင်းတွင် Grade-12 တက်နေသော အဘ ဦးဒေါင်ခေါင် အမိ ဒေါ်ယော်နမ်း၏သား မောင်ခေါင်လွမ်း၏မွေးသက္ကရာဇ် အမှုန်မှာ ၂၉-၃-၂၀၀၉ ဖြစ်ပါကြောင်း။

၂၉-၃-၂၀၀၉

မိခင်အမည်မှုန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သဲကောကြီး Grade-9 တန်းတွင် ပညာသင်ကြားနေသော မနေခြည်ဖြိုးဝေ၏မိခင် အမည်မှန်မှာ ဒေါ်ချယ်လီစိုး ၉/လဝန(နိုင်) ၁၆၅၀၅၁ ဖြစ်ပါကြောင်း။ **ဒေါ်ချယ်လီစိုး**

မိခင်အမည်မှုန်

နေပြည်တော်၊ ဒဂ္ဂိဏာသီရိမြို့နယ်၊ အ.ထ.က(၁၉)ကျောင်း Grade-7 အတန်းမှ မခိုဇောလင်း၏မိခင်အမည်မှန်မှာ ဒေါ်နှင်းနှင်းမာ ၉/လဝန(နိုင်)၁၀၇၂၈၀ ဖြစ်ပါကြောင်း။ **ဒေါ်နှင်းနှင်းမာ**

အမည်မှုန်

မွန်ပြည်နယ်၊ ရေးမြို့၊ အဏ္ဏဝါရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ အတန်း(Grade-6) အခန်း(A)ခန်းတွင်ပညာသင်ကြားနေသော ဦးသန်းစိုးညွှန့်၏သားဖြစ်သူအမည်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အရွင်မွေးလက်မှတ်အရ မောင်မြတ်ဘုန်းခန့် ဖြစ်ပါကြောင်း။ **မောင်မြတ်ဘုန်းခန့်**

ဖခင်အမည်မှုန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အ.လ.က (၃)၊(၄)ရပ်ကွက်တွင်တာဝန်ထမ်းဆောင်နေသော မူအုပ် ဒေါ်မိမိအောင် ၇/ရတရ(နိုင်)၁၀၀၂၆၈၏ဖခင်အမည်မှန်မှာ ဦးအောင်သန်း ၇/ရတရ(နိုင်)၀၄၃၃၇၀ ဖြစ်ပါကြောင်း။ **ဦးအောင်သန်း**

ဖခင်အမည်မှုန်

ပျဉ်းမနားမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မောင်အာလီဗီဦး၏ ဖခင်အမည်မှန်မှာ ဦးဂျိုးဇက် ၁၃/ဖခန(နိုင်)၀၆၆၉၆၇ ဖြစ်ပါကြောင်း။ **ဦးဂျိုးဇက်**

ဖခင်အမည်မှုန်

ဧရာဝတီတိုင်းဒေသကြီး၊ ဧလွန်မြို့နယ်၊ ဂျမ်းတိုက်ကျေးရွာအုပ်စု၊ အ.ထ.က ရွှေကျောင်း Grade-12 မှ မရွှေရည်နှင်း၏ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၁၄/ဧလန(နိုင်)၀၅၅၅၇၆ ဖြစ်ပါကြောင်း။ **ဦးဝင်းအောင်**

ဖခင်အမည်မှုန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သဲကောကြီး Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်စွမ်းထက်၏ဖခင် အမည်မှန်မှာ ဦးဇော်ဇော် ၉/လဝန(နိုင်)၁၆၈၁၁၈ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်**

ဖခင်အမည်မှုန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပညာ့အလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မခင်ပြည့်စုံဦး၏ဖခင်အမည်မှန်မှာ ဦးဟန်မင်း ၁၂/ကမန(နိုင်)၀၈၁၄၁၃ ဖြစ်ပါကြောင်း။ **ဦးဟန်မင်း**

ဖခင်အမည်မှုန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သဲကောကြီး Grade-7 တန်းတွင် ပညာသင်ကြားနေသော မောင်နေမင်းခန့်၏ဖခင် အမည်မှန်မှာ ဦးဝင်းဇော်ထွန်း ၇/၀မန(နိုင်) ၁၂၉၆၇၆ ဖြစ်ပါကြောင်း။ **ဦးဝင်းဇော်ထွန်း**

ဖခင်အမည်မှုန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သဲကောကြီး Grade-12 တန်းတွင် ပညာသင်ကြားနေသော မဖြူစင်ထွေး၏ဖခင် အမည်မှန်မှာ ဦးခင်မောင်ထွေး ၇/ရတရ(နိုင်) ၀၃၁၂၉၃ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ထွေး**

ဖခင်အမည်မှုန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အ.ထ.က သိုင်း၀ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဖြိုးမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၁၄/လပတ (နိုင်)၁၅၂၂၈၀ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်**

ဖခင်အမည်မှုန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သဲကောကြီး Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ဇွန်းထက်၏ဖခင် အမည်မှန်မှာ ဦးဇော်ဇော် ၉/လဝန(နိုင်) ၁၆၈၁၁၈ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်**

ပြောက်ဆုံးကြောင်း

အေးအေးခိုင်(ဘ)ဦးညွှန့်မောင် ၁၂/မဂတ (နိုင်)၀၄၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၀၆၃၄၀၉**

ပြောက်ဆုံးကြောင်း

သန်းအိမိုး(ဘ)ဦးကြည်လင်း ၈/ပဖန(နိုင်) ၁၄၀၆၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၀၇၃၃၂၂၈**

ပြောက်ဆုံးကြောင်း

ဟိန်းတေဇ(ဘ)ဦးတင်ထွေး ၁၂/မဘန(နိုင်) ၂၀၀၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၂**

ပြောက်ဆုံးကြောင်း

ပေါင်မြို့နယ်၊ ကော့ဝဒိုက်ရွာနေ စန်းစန်းထွေး(ဘ)ဦးမောင်ဘိ ၁၀/ပမန (နိုင်)၁၄၉၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၄၀၀၈၆၇၅**

ပြောက်ဆုံးကြောင်း

ပိုင်ကျုံမြို့၊ ကော့ဖမွတ်ရွာနေ စောအောင်ဝင်း(ဘ)ဦးရီလေး ၃/ပကန (နိုင်)၀၀၈၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၀၆၃၆၈**

ပြောက်ဆုံးကြောင်း

မြဝတီမြို့၊ သဃ်နိုးညီနောင်မြို့နေ စိုင်းသီဟ(ဘ)ဦးမြင့်ဆန်း ၇/အတန (နိုင်)၁၃၉၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၈၀၀၈၀၄၇**

ပြောက်ဆုံးကြောင်း

ဘားအံမြို့၊ နောင်ပတုပ်ကျေးရွာနေ နန်းစံပါယ်(ဘ)ဦးထွန်းစိန် ၃/ဘအန (နိုင်)၂၄၉၀၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၅၅၃၅၄**

ပြောက်ဆုံးကြောင်း

သထုံမြို့၊ ဆူဒင်ချောင်းကျေးရွာနေ မောင်ရှိုင်း(ဘ)ဦးအေးလှိုင် ၁၀/သထန (နိုင်)၂၃၀၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၇၂၈၁၂**

ပြောက်ဆုံးကြောင်း

ဖာပွန်မြို့၊ ကမမောင်းအုပ်စု၊ ပုဇွန် မြောင်းရွာနေ စောဝင်းကိုထွေး(ဘ) ဦးဖားဘွဲ့ ၃/ဖပန(နိုင်)၀၃၅၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၆၆၃၁၁၂၂၉၄**

ပြောက်ဆုံးကြောင်း

ပေါင်မြို့နယ်၊ အုန်းတပင်ကျေးရွာနေ ခိုင်ဇင်ဦး(ဘ)ဦးသိန်းထွန်း ၁၀/ပမန (နိုင်)၁၉၀၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၇၄၄၁၁၈၀၁**

ပြောက်ဆုံးကြောင်း

ဦးကျော်မျိုးထွေး(ဘ)ဦးလှရွှေ ၁၂/တမန (နိုင်)၁၂၄၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၅၀၂၂၂၇**

အလိမ္မာစာမှာရှိ

ပြောက်ဆုံးကြောင်း

ပိုင်ကျုံမြို့၊ နောင်ဘိုကြီးရွာနေ စောကျော်စွာထက်(ဘ)ဦးသန်းကြည် ၃/ပကန(နိုင်)၀၀၆၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၀၃၇၂၄၂**

ပြောက်ဆုံးကြောင်း

ဘားအံမြို့၊ (၄)ရပ်ကွက်၊ သံလှယ်ရွာနေ မိနဒီမြင့်မို့(ဘ)ဦးနိုင်စိုး ၃/ဘအန (နိုင်)၃၅၆၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 711026)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၂၁၅၈၀၇၀**

ပြောက်ဆုံးကြောင်း

ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက် နေ လှဝင်း(ဘ)ဦးအောင်သိန်း ၁၀/ ဘလန(နိုင်)၁၄၅၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၄၀၀၈၆၇၅**

ပြောက်ဆုံးကြောင်း

ခင်နုနု(ခ)အာကီမာ(ဘ)ဦးအဒူဆမောက် ၁၂/တမန(နိုင်)၁၄၁၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂**

ပြောက်ဆုံးကြောင်း

မျိုးထွန်း(ဘ)ဦးမဟာမတ် ၁၂/တမန(နိုင်)၁၄၁၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂**

ပြောက်ဆုံးကြောင်း

မေမျိုးတင့်(ဘ)ဦးဇော်မျိုးအောင် ၅/မရန(နိုင်)၂၇၉၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၈၀၉၅၅၅၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
စစ်သည်အစားခန့်ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၊ ၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူလျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အကလျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအားကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ်စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်)အဆင့် လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ် သဇင် FM၊ ပြင်ဦးလွင်မြို့။(ဖုန်း ၀၃၃-၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရုပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်းပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာလျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ) (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်)(ဖုန်း ၀၃၁-၇၄၂၇၄) နှင့် သဇင် FM၊ ပြင်ဦးလွင်(ဖုန်း ၀၃၃-၆၀၁၇၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း

မလှသူဇော(ဘ)ဦးဆန်းဝင်းထွန်း ၁၂/ကခက(နိုင်)၁၃၂၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ယွန်းဆန်းမိ(ဘ)ဦးဆန်းမြင့် ၁၄/လမန(နိုင်)၁၂၁၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မျိုးမင်းအောင်(ဘ)ဦးမောင်မောင်ဌေး ၁၂/အစန(နိုင်)၂၀၄၉၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

အိအိသက်(ဘ)ဦးသန်းဌေး ၂/ဒမဆ(နိုင်)၀၄၇၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ကျော်ဇင်နိုင်(ဘ)ဦးမြင့်ထူး ၅/ရာဘန(နိုင်)၁၄၄၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

အောင်လင်းထွန်း(ဘ)ဦးနိုင်ဦး ၁၄/ညတန(နိုင်)၂၅၁၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

သန်းထိုက်အောင်(ဘ)ဦးဝင်းမြင့် ၁၂/ကမတ(နိုင်)၀၈၃၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 301083)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၁၆၂၃၂၀

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့၊ အထက(အသုတ်)၊ G-12 တွင် ပညာသင်ကြားနေသော မဇင်မေဝင်း၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေး ၁၄/ရကန(နိုင်)၀၉၉၄၄၂ ဖြစ်ပါကြောင်း။
ဦးဇော်မင်းထွေး

ပျောက်ဆုံးကြောင်း

စိုးလွင်(ဘ)ဦးထွန်းမြင့် ၁၁/ပတန(နိုင်)၁၂၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၁၂၃၄၇

ပျောက်ဆုံးကြောင်း

တင်မာလင်း(ဘ)ဦးထွန်းမြင့် ၈/အလန(နိုင်)၂၃၅၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ထက်မြတ်ကို(ဘ)ဦးကြည်မြင့် ၉/မထလ(နိုင်)၃၁၄၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 502079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၁၁၇၂၂၇

ပျောက်ဆုံးကြောင်း

ကိုကိုဇော်(ဘ)ဦးစံညွန့် ၇/ကတခ(နိုင်)၁၃၀၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

တနသ်းရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ထိန်သစ်ရပ်၊ အမှတ်(၂၁၀)၊ ကမြောကင်းလမ်းနေ ဘုန်းသော်က(ဘ)ဦးဇော်နိုင်ထွန်း၆/ထဝန(နိုင်)၁၆၄၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 684454)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၀၆၂၈၄၁၅၆

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇(က)(၂) နှင့် ဥပဒေပုဒ်မ ၁၅၂(က)အရ

"PKM STEEL TRADING COMPANY LIMITED"

ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ "PKM STEEL TRADING COMPANY LIMITED"အား (၂၂-၉-၂၀၂၆)ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည်(B.Com(Q), C.P.A, ASEAN CPA, Member of MAIP, Insolvency Practitioner Registration No: 107202)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ထားရန် အဆိုပါအစည်းအဝေးတွင် တစ်ပါတည်းဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၂၂)ရက်နေ့နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U SITHU WIN
Director
"PKM STEEL TRADING COMPANY LIMITED"

ဒေါ်စန်းကြည်
(B.Com (Q) C.P.A)
(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇(က)(၂) နှင့် ဥပဒေပုဒ်မ ၁၅၂(က)အရ

"J & O UNITED COMPANY LIMITED"

ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ "J & O UNITED COMPANY LIMITED" အား (၂၂-၉-၂၀၂၆)ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည်(B.Com(Q), C.P.A, ASEAN CPA, Member of MAIP, Insolvency Practitioner Registration No: 107202)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ထားရန် အဆိုပါအစည်းအဝေးတွင် တစ်ပါတည်းဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၂၂)ရက်နေ့နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

DAW AYE AYE NYUNT
Director
"J & O UNITED COMPANY LIMITED"

ဒေါ်စန်းကြည်
(B.Com (Q) C.P.A)
(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သပြေချောင်းအုပ်စု၊ သပြေချောင်းကျေးရွာတွင် တည်ရှိသော (အလျား ၇၀ ပေ x အနံ ၅၀ ပေ)ရှိမြေကွက်အား လက်ရောက်ပိုင်ရှင် ဖြစ်သော ဦးဝင်းချို(၉/တကန(နိုင်)၀၆၈၅၅၀ ထံမှ ကျွန်ုပ် ဦးနေမျိုးအောင် (၉/ရမသ(နိုင်)၁၅၄၁၅၆ သည် စာချုပ်ဖြင့် ရောင်းကြေးငွေအပြီးအပိုင်ပေးချေ၍ လက်ရောက်ဝယ်ယူထားပြီးဖြစ်ပါသည်။ မြေကွက်၏အရပ်လေးမျက်နှာတွင် အရှေ့ဘက်-လမ်းသွယ်အနောက်ဘက်-ဦးနေလင်းအောင်၏နေအိမ်တောင်ဘက်-ဒေါ်သန်းမြင့်၏ နေအိမ်မြောက်ဘက်-ဦးဝင်းချို၏မြေကွက်ရှိပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်ဝယ်ယူထားရှိမှုအပေါ် မည်သူမဆို ကန့်ကွက်ခွင့်ရှိတော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကြေညာသူ-
ဦးနေမျိုးအောင်(၉/ရမသ(နိုင်)၁၅၄၁၅၆)
ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်။
ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၇၆၄၈၃၀၇၀၉

ပျောက်ဆုံးကြောင်း

အေးချမ်းအောင်(ဘ)ဦးအောင်မင်း ၅/ဘတလ(နိုင်)၁၂၇၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ဦးမောင်လတ်
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)
အသက်(၈၇)နှစ်

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ အိမ်အမှတ်(က-၅၃)နေ ဒေါ်တင်မေ၏ခင်ပွန်း၊ ဦးဖေမောင်ရှိန်း+ဒေါ်နှင်းအိရွှေစင်လတ်၊ ဦးအောင်ကျော်မြင့်+ဒေါ်နီလာချောစုလတ်၊ ဦးမင်းလတ်+ဒေါ်ခင်စန္ဒီမြင့်တို့၏ဖခင်၊ မြေး(၇)ယောက်တို့၏အဘိုး ဦးမောင်လတ် အသက်(၈၇)နှစ်သည် ၁၉-၉-၂၀၂၆ ရက်(စနေနေ့) နံနက် ၀၉:၁၅ နာရီတွင် (၉၆)ပါးရောဂါဖြင့်ကွယ်လွန်ခဲ့ပြီး ၂၁-၉-၂၀၂၆ ရက်(တနလ်ာနေ့)တွင် သင်္ဂြိဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



FDA- စ၅/ ၂၁၃၄၉/ ထလ

canesugarokt7 @gmail.com





အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘီလပ်မြေ

SIN MINN



ISO 9001
BUREAU VERITAS Certification
Excluding design
UKAS MANAGEMENT SYSTEMS



BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘီလပ်မြေ

BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘီလပ်မြေ

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၉၉၃၃၃၅၈၉၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။



အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR TYRE







ပင်ရင်းအရောင်း
ဖုန်း - ၀၉ ၂၅၄ ၂၇၂ ၈၄၃၊ ၀၉ ၄၅၃ ၂၅၅ ၅၅၅


STARMART NINE MILE Showroom
(၉)မိုင်၊ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

❖ နိုင်ငံတော်ရှေ့သီးပို့ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးပို့ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာပို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ချင်းပြည်နယ်၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအား CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ အကြောင်းမဲ့လာရောက်နှောင့်ယှက်ပစ်ခတ်

ဟားခါးမြို့၊ ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲအား အကြမ်းဖက်သမားများမှ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သည့် တည်နေရာပြပုံ။



နေပြည်တော် စက်တင်ဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝဲခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် ဆေးရုံ၊ ဆေးခန်းစာသင်ကျောင်းများအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ သစ္စာရှိနိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ **စာမျက်နှာ ၁၈ ကော်လံ ၁▼**



၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးအဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ"ကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ခွဲကပင်အားကစားကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိအားကစားဥယျာဉ်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိပြည်နယ် အားကစားကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိကိုးသိန်းအားကစားကွင်းတို့၌ ဇုန်(၄)ဇုန်ခွဲ၍ကျင်းပခဲ့သည်။ **စာမျက်နှာ ၂၀ ကော်လံ ၁ ○**

ငွေပင်လယ်စက်မှုဇုန်တွင် လျှပ်စစ်မာတ်အားခိုးယူသုံးစွဲနေသည့် ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံအား စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံတော်အနေဖြင့် နစ်နာခဲ့သည့် ငွေကျပ် ၇ ဒသမ ၉၀၇ ဘီလီယံအား ပြန်လည်ပေးသွင်းစေပြီး ဥပဒေအရအရေးယူဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ဓာတ်အားခိုးယူသုံးစွဲမှုများကို Control Center များမှ စောင့်ကြည့်စစ်ဆေး၍ စဉ်ဆက်မပြတ်ဖော်ထုတ်လျက်ရှိရာ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်း ငွေပင်လယ် စက်မှုဇုန်အတွင်း မြေကွက်အမှတ် (7/B) ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ် **စာမျက်နှာ ၁၈ ကော်လံ ၄ ■**



ရွှေလင်ပန်း ငွေပင်လယ်စက်မှုဇုန် မြေကွက်အမှတ်(7/B)ရှိ ဦးသိန်းနိုင်၏ "777" ပလတ်စတစ်စက်ရုံကို တွေ့ရစဉ်။

စမ်းချောင်းမြို့နယ်၌ လူငယ်အချင်းချင်းစကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များအား ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၂


ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၌ စက်တင်ဘာလ ၁၇ ရက်က လူငယ်အချင်းချင်း စကားများရန်ဖြစ်စဉ် အုပ်စုဖွဲ့ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် လူငယ်များအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာလ ၁၇ ရက် ညနေ ၅ နာရီအချိန်ခန့်တွင် စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းမပေါ်ရှိစမ်းချောင်းလင့်မုန့်ဈေးတန်းတွင်ကြည့်မြင်တိုင်မြို့နယ်၊ ဟုမ်းလမ်းဘူတာရုံကွက်၊ ပန်းလှိုင်အိမ်ရာနေ မောင်ဇူဇင်ဝင်းထွဋ်(၂၃)နှစ်နှင့် သူငယ်ချင်းဖြစ်သူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက် နေ မောင်အာကာကျော်(၁၈)နှစ်တို့ ၂ဦးသည်အမည်မသိ လူငယ်တစ်စုနှင့် စကားများရန်ဖြစ်ကြစဉ် ၎င်းတို့ ၂ဦးအား **စာမျက်နှာ ၂၀ ကော်လံ ၄ ⇨**

ရန်ကုန်-ပြည်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၇၄)အစုန်နှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရှိ အမှတ်(၈၃)အဆန် DEMU လူစီး အမြန်ရထားတို့ကို ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမှတ်(၇၄)အစုန် ပြည်–ရန်ကုန် DEMU လူစီးအမြန်ရထားသည် တိုက်ကြီးမြို့နယ် ဖလုံနှင့်သနပ်ချောင်းဘူတာအကြား မိုင်တိုင်အမှတ် ၄၈/၂၀ နှင့် ၁၉ အတွင်း ရထားဖြတ်သန်းစဉ် ရထားလမ်းအရှေ့ဘက်မှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ စက်ခေါင်းနောက်ကပ်လျက် ပထမတန်းတွဲ DEMU(F) 4019 ၏ ခုံအမှတ် 4A နှင့် 4 B အကြား ပြတင်းတံခါးဘေးလေကာမှန် ၄ လက်မခန့် ပေါက်ထွက်ကြေမွကွဲအက်မှုဖြစ်ပွားပြီး **စာမျက်နှာ ၂၀ ကော်လံ ၁ ➢**



ခဲဖြင့်ပစ်ပေါက်ခံရမှုဖြစ်စဉ်ကြောင့် အမှတ်(၈၃)အဆန် DEMU ရထား၏ ပထမတန်းတွဲ DEMU–F(C)–4013 ပျက်စီးမှုကို တွေ့ရစဉ်။

(၅၈)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံခိုင်မှုအားကစား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ
စာ – ၁၈ သို့

နိုင်ငံတကာရေးရာ
ဂျပန်နိုင်ငံ ကန်တိုဒေသတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် လူခြောက်ဦးသေဆုံး
စာ – ၂၅ သို့
ရုရှားလွှတ်တော် ရွေးကောက်ပွဲတွင် အာဏာရပါတီက မဲအများစုကိုရရှိထား
မိသားစုများက နေ့စဉ် ဘဝဖြင့်ပေးဆပ်နေရသည့် အင်ဒိုနီးရှား တောမီးလောင်မှု